မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချီ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၃၄)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၃၀ ရက်၊ သောကြာနေ့

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသော လေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည်ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနှုန်းကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

စာ - ၁၅ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

အမျိုးသားအားကစားပွဲတော်ကြီးတွင်ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများအဖြစ် မျှော်မှန်းကြိုးစားယှဉ်ပြိုင်





ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၂၉

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ★



အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၃၀ ရက်)

ပြည်သူများပါဝင်သည့် ပြည်သူ့လုံခြုံရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် "လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်"ဟု သတ်မှတ်ထားသည့်အတိုင်း ပြည်သူတို့၏လူမှုစီးပွားဘဝများလုံခြုံရေးနှင့် နိုင်ငံတစ်ဝန်းလုံးအေးချမ်းသာယာရေးကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူတို့ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိသည်။

ပြည်သူလူထုတစ်ရပ်လုံးသည် မိမိတို့၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် မိမိတို့မြို့တင်းနေထိုင်ရာနိုင်ငံတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိုအထူးလိုလားကြသည်။ မိမိတို့နေထိုင်ရာဒေသများတွင် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူတို့ကြီးစိုးနေခြင်းကို အလိုမရှိကြပေ။ လက်နက်ကိုင်ဆောင်ကာ နိုင့်ထက်စီးနင်းလုယက်ဖျက်ဆီးနေသည့် သောင်းကျန်းသူများရှိနေခြင်းကြောင့် မိမိတို့ဒေသများ ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်းကို နားလည်သဘောပေါက်ကြပြီးဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခမရှိခဲ့သောအချိန်ကာလများတွင် မိမိနေထိုင်ရာဒေသများ၌ လွန်စွာဖွံ့ဖြိုးတိုးတက်ခဲ့သည်။ နယ်စွန်နယ်ဖျားဒေသများအားလုံး အပြန်အလှန်ဥဒဟိုဝင်ထွက်သွားလာနိုင်ခဲ့ကြသည်။ လမ်းပန်းဆက်သွယ်ရေး၊ သွားလာရေးတို့ လွယ်ကူလျင်မြန်ခဲ့သည်။ နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့်ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်ပေးလျက်ရှိသော်လည်း မိမိနိုင်ငံ၊ မိမိဒေသ၊ မိမိလူမျိုးတိုးတက်ကောင်းစားရေးထက် ကိုယ်ကျိုးအတ္တကို အဓိကထားသည့်အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အချို့သည်ငြိမ်းချမ်းရေးကိုကျောခိုင်းကာ ပြည်သူများဒုက္ခပင်လယ်ဝေအောင်လုပ်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်လိုသည့် ပြည်ပနိုင်ငံများ၏ပိတ်ဆို့မှု၊ ဟန့်တားနှောင့်ယှက်မှု၊ ပြည်တွင်းအဖျက်အမှောင့်များ၏ဖျက်လိုဖျက်ဆီးပြုမှုများကြောင့် တည်ငြိမ်ဖွံ့ဖြိုးတိုးတက်သောဒေသအချို့သည်ပင် တည်ငြိမ်မှုကင်းမဲ့ကာ ပျက်စီးယိုယွင်းမှုတို့နှင့်ရင်ဆိုင်နေရသည်။

အကြမ်းဖက်အဖျက်သောင်းကျန်းသူများက မြို့များ၊ ရွာများတွင်ဝင်ရောက်၍ ပြည်သူလူထုကို အကာအကွယ်ပြုကာ တိုက်ကွက်ဖော်မှုများကြောင့် မြို့ရွာအချို့ပျက်စီးခဲ့ရသည့်အပြင် ဒေသခံပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်ဥစ္စာများလည်း ပျက်စီးဆုံးရှုံးကြရသည်။ ယခုအခါမြို့ရွာများလုံခြုံရေး၊ ပြည်သူလူထုလုံခြုံရေးကို ထိခိုက်မှုများဖြစ်ပေါ်လာသည့်အပေါ် ပြည်သူများမခံမရပ်နိုင်ဖြစ်လာကြသည်။ ပြည်သူများကိုယ်တိုင်ပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်တစ်ရပ် ခိုင်ခိုင်မာမာတည်ဆောက်ပေးရန် လိုလားလျက်ရှိလာကြသည်။ ပြည်သူ့လုံခြုံရေးစနစ်တည်ဆောက်မှုတွင် ပါဝင်ရန်ဆန္ဒပြုသူများပြားလာကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဩဂုတ်လ ၂၅ ရက်က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြားစဉ် **"လုံခြုံရေးနှင့်ပတ်သက်၍ ဒေသအလိုက်လူတစ်ဦးတစ်ယောက်ချင်းစီမှ လုံခြုံရေးအသိစိတ်ဓာတ်ရှိရှိဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူ့လုံခြုံရေး People Security၊ Public Security နှင့်ပတ်သက်၍ လမ်းအလိုက်၊ ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နေထိုင်သည့်ဒေသရပ်ကွက်၊ ကျေးရွာများအလိုက်၊ လမ်းများအလိုက် လုံခြုံရေးစနစ်များတည်ဆောက်၍ဆောင်ရွက်မည်ဆိုပါက နယ်မြေဒေသလုံခြုံရေးအတွက် များစွာအကျိုးရှိထိရောက်စေမည်ဖြစ်ကြောင်း၊ ပြည်သူ့လုံခြုံရေးလုပ်ငန်းများနှင့်ပတ်သက်၍ Check, Recheck, Counter Check များပြုလုပ်၍ အပြန်ပြန်အလှန်လှန်စစ်ဆေးနေရန်လိုအပ်မည်ဖြစ်ကြောင်း"** ပြည်သူပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်နှင့်ပတ်သက်၍ပြောကြားခဲ့သည်။

ပြည်သူများလိုလားသည့်ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဆက်လက်ရပ်တည်နိုင်ရေး တပ်မတော်အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတော်အား မူလအခြေအနေအတိုင်း ပြန်လည်ရောက်ရှိရုန်အတွက်လည်း တပ်မတော်အနေဖြင့်လုပ်ဆောင်သင့်သည်များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူများအနေဖြင့်လည်း နိုင်ငံတော်နှင့်လူမျိုးအပေါ် နည်းမှန်လမ်းမှန်ဖြင့် သစ္စာစောင့်သိကာ အစိုးရ၊ တပ်မတော်တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန်လည်း လိုအပ်သည်။

ပြည်သူ့လုံခြုံရေးနှင့်ပတ်သက်၍ ပြည်သူပါဝင်သည့်လုံခြုံရေးစနစ်ကိုဆောင်ရွက်မှုတွင်ပြည်သူများပါဝင်ပါက တည်ငြိမ်အေးချမ်းမှုနှင့်တရားဥပဒေစိုးမိုးမှုများကောင်းမွန်လာပြီး နိုင်ငံတော်နှင့်ပြည်သူတို့၏ရည်မှန်းချက်ဖြစ်သည့်ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ မိမိတို့နေထိုင်ရာပတ်ဝန်းကျင်တွင် အမှိုက်သရိုက်ကင်းစင်ခြင်းကို လူတိုင်းလိုလားကြသည်။ အမှိုက်သရိုက်သည် မိမိနေထိုင်ရာပတ်ဝန်းကျင်ကို ညစ်ညမ်းစေရုံသာမက မိမိတို့၏ကျန်းမာရေးကိုလည်း ထိခိုက်နိုင်သည်။ ထို့အတူအဖျက်သမားများသည်လည်း မိမိတို့၏ပတ်ဝန်းကျင်နှင့်မိမိတို့၏အသက်ရှင်သန်နေထိုင်ရေးကို ထိခိုက်အန္တရာယ်ရှိစေသဖြင့် ပြည်သူများပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ဖြင့် ကြိုတင်ကာကွယ်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ ပြည်နယ်အဆင့်အထိမ်းအမှတ် အခမ်းအနားကျင်းပ

မော်လမြိုင် ဩဂုတ် ၂၉

မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက် ပန်းဘဲတန်းလမ်း အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းရှိ ဦးသာညွှန့်ခန်းမ၌ ဩဂုတ်လ ၂၈ ရက်နံနက်ပိုင်းတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း(Grade-2)မှ ကျောင်းသား၊ ကျောင်းသူများက "တစ်ကိုယ်ရေသန့်ရှင်းရေးတေးကဗျာ"ဖြင့် သရုပ်ဖော်သီဆိုပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်ဦးက ကျောင်းကျန်းမာရေးဆောင်ရွက်ချက်များတင်ပြခြင်း၊ ပြည်နယ်ပညာရေးမှူး ဒေါ်နန့်စယ်လီလှိုင်က ပညာရေးဆောင်ရွက်ချက်များတင်ပြခြင်း၊ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ အထိမ်းအမှတ်မှတ်တမ်းဗီဒီယိုပြသခြင်း၊ Grade-3 မှကျောင်းသား၊ ကျောင်းသူများက "တစ်ကိုယ်ရေကျန်းမာသန့်ရှင်းခြင်းတေးကဗျာ"ဖြင့် သရုပ်ဖော်သီဆိုဖျော်ဖြေသည်။

ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူများ ဘဝအတွက်သိမှတ်စရာကျန်းမာရေးအသိပညာပေးမေးခွန်း ၅၀ ဖြေဆိုခြင်း၊ ကျောင်းသူများအား သံဓာတ်အားဆေးတိုက်ကျွေးခြင်း၊ ကျောင်းသား၊ ကျောင်းသူများက စနစ်မှန်သွားတိုက်သရုပ်ပြခြင်း၊ လက်ဆေးနည်းသရုပ်ပြခြင်း၊ အစာအုပ်စုသုံးအုပ်စု ခင်းကျင်းပြသခြင်း၊ မူလတန်းကျောင်းသား၊ ကျောင်းသူများက အစာအုပ်စု သုံးအုပ်စု အလိုက် နှစ်သက်ရာပုံနှစ်မျိုးစီရေးဆွဲခြင်း၊ ကျန်းမာရေးပညာပေးခြင်းအတွက်ရေးဆွဲထားသော ပန်းချီပုံများကို ရောင်စုံခြယ်သခြင်းများအား လှည့်လည်ကြည့်ရှုအားပေးခြင်းနှင့် ပြခန်းများအားလှည့်လည်ကြည့်ရှုကြောင်း သိရသည်။

(၄၀၆)

မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများထုတ်ချေး

ထန်းတပင် ဩဂုတ် ၂၉

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပွဲသာကျေးရွာအုပ်စု ပျဉ်းမပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများကို ဩဂုတ်လ ၂၉ ရက်နံနက်ပိုင်းတွင် ထုတ်ချေးပေးကြောင်း သိရသည်။

ထိုသို့ရန်ပုံငွေများထုတ်ချေးရာတွင် ခေတ္တမြို့နယ်ဦးစီးမှူး ဦးသက်မြင့်ထွန်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၂ သိန်းထုတ်ချေးပေးပြီး မိမိတို့ရွှိလာသော ငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများ၊ အသေးစားစက်မှုလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများနှင့် တစ်ဦးချင်းချေးငွေမှတ်တမ်းများအား ဖြည့်သွင်းထားမှု ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထန်းတပင်ကျေးလက်

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၈-၂၀၂၄(သောကြာနေ့)

၁။	၆:၀၂	နိုင်ငံတော်သီချင်း
၂။	၇:၁၅	မေတ္တာပို့
၃။	၇:၂၅	ဓမ္မပူဇောတေး
၄။	၇:၃၅	ကိုယ်လက်လှုပ်ရှားအားကစား
၅။	၈:၁၅	စိုက်ပျိုးသုတ
၆။	၈:၂၅	နှစ်(၇၀)ကျော်ကြားတေးများ
၇။	၁၁:၅၀	မြန်မာ့လက်သံ
၈။	၁၂:၁၅	ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၉။	၁၂:၃၀	မြန်မာသံစဉ်ချိုနှောင်ဝင်
၁၀။	၁၈:၁၅	အတွေးအမြင်
၁၁။	၁၈:၃၀	ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
၁၂။	၁၈:၄၅	Sharing Knowledge
၁၃။	၁၉:၀၀	(၃၈)ဖြာမင်္ဂလာ ပုဗ္ဗေစကတပုညတာ
၁၄။	၂၀:၀၀	မြဝတီရုပ်မြင်သံကြားသတင်း

မြဝတီ ခနဉ့်စဉ် Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ဝဒ္ဓ-ဂုဒ္ဓဥ၊ ဖက်စ် ဝဒ္ဓ-ဂုဒ္ဓဥ၉/ဝဒ္ဓ-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ဝဒ္ဓ-ဂု၄၀၀၆၊ ဝဒ္ဓ-ဂု၄၀၀၈၊
ဘုရင့်နောင်လုံးဝန်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ဝဒ္ဓ-ဂု၄၀၂၊ ဖြန့်ချိရေး ဝ၁၈-၄၀၀၆၉၇၊
ကြော်ငြာ ဝဒ္ဓ-ဂု၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၃၈၊ ဝ၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီး ပြိုင်ပွဲ(ခရိုင်အဆင့်)နှင့် ဆုချီးမြှင့်ပွဲကျင်းပ



ကလော သြဂုတ် ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလော ခရိုင် ကလောမြို့၌ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ခရိုင်အဆင့်)နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို သြဂုတ်လ ၂၈ ရက်က မြို့နယ်ခန်းမ၌ကျင်းပရာ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ရှေးဦးစွာ (၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ခရိုင်အဆင့်)ကို တေးရေးဆရာရဲမင်းစိုးရေးသားသည့် ရှမ်းရိုးမက လက်ခုပ်သံများသီချင်းဖြင့်ဖွင့်လှစ်ပြီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းဇော်ထွေးနှင့် ညောင်ရွှေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့လူငယ်များ၏ ရိုးရာယဉ်ကျေးမှုများ ပျောက်ကွယ်မသွားစေရေးအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအား တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခြေခံသည့် စစ်မှန်သောမျိုးစစ်စိတ်ဓာတ်နှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားလာစေရေး၊ ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊ ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်စေရေးတို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သဖြင့် ခရိုင်အဆင့်တွင် ပြိုင်ပွဲဝင်ကြမည့် ပြိုင်ပွဲဝင်များအားလုံး ရည်ရွယ်ချက်များအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ခရိုင်အဆင့်မှသည် ပြည်နယ်အဆင့်၊ နိုင်ငံတော်အဆင့်ထိ တက်လှမ်းနိုင်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း၊ ၁၅ နှစ်မှ ၂၀ နှစ်အတွင်း၊ ဝါသနာရှင်အဆင့် ကာလပေါ်အဆို၊ ခေတ်ဟောင်းအဆို၊ မဟာဂီတ၊ တစ်ကိုယ်တော်အက၊ အဖွဲ့လိုက်ကဗျာလွတ်အက၊ စန္ဒရား၊ တစ်ကိုယ်တော်ခဲ့၊ စောင်း၊ ပတ္တလား၊ ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်၊ အိုးစည်အဖွဲ့၊ တိုင်းရင်းသားရိုးရာအကများဖြင့် ပြိုင်ပွဲကို ကျင်းပသည်။

အဆိုပါပြိုင်ပွဲအပြီးတွင် ဆုရရှိသူများနှင့်ပွဲဖြစ်မြောက်ရေးအတွက် အလှူငွေထည့်ဝင်ပေးသည့် အလှူရှင်များအား ကလောခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

ချမ်းမြေ့

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သော လယ်မြေများ၌ စပါးများ ရာနှုန်းပြည့်ပြန်လည်စိုက်ပျိုးပြီးဖြစ်

တနင်္သာရီ သြဂုတ် ၂၉

တနင်္သာရီတိုင်းဒေသကြီးအတွင်း ယခုနှစ် မိုးရာသီတွင် ရေကြီး၊ ရေလျှံမှုများကြောင့် စုစုပေါင်း စပါးစိုက်လယ်မြေဧက ၂၆၀၀ ကျော် ရေကြီးနစ်မြုပ်ပျက်စီးခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြန်လည်စိုက်ပျိုးပြီးဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ရေကြီးနစ်မြုပ်ခဲ့သော လယ်ယာမြေစာရင်းများ ကောက်ယူ၍ ယင်းလယ်ယာမြေများ၌ ရေပြန်ကျချိန်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို တောင်သူများအား အသိပညာပေးခြင်းများဆောင်ရွက်ပြီးနောက် လယ်မြေများ ပြန်ပေါ်လာသောအခါ ထိခိုက်ပျက်စီးခဲ့သော လယ်မြေများ၌ သက်တမ်းတိုစပါးမျိုးဖြစ်သော ရက် ၉၀ စပါးများကိုပြန်လည်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

"ရေကြီးနစ်မြုပ်ပြီး ထိခိုက်ပျက်စီးခဲ့တဲ့ စပါးစိုက်လယ်မြေဧကပေါင်း ၂၆၄၅ ဧက ရှိပါတယ်။ အခုဆိုရင် အဲဒီလယ်မြေတွေမှာ ရာနှုန်းပြည့်ပြန်လည်စိုက်ပျိုးပြီးပါပြီ။ မိုးရာသီအလယ်ပိုင်းကနေ ပြန်စိုက်ရတာဖြစ်တဲ့အတွက် သက်တမ်းတိုစပါးမျိုးဖြစ်တဲ့ ရက် ၉၀ စပါးကိုပဲ ပြန်လည်စိုက်ပျိုးပါတယ်" ဟု တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသိန်းစိုးကပြောသည်။

တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် တိုင်းဒေသကြီးအတွင်းရှိ တောင်သူများအား ယခုနှစ် မိုးရာသီမတိုင်မီကတည်းက စပါးမျိုးများ အရန်သိုလှောင်ထားရှိရန်နှင့် အရန်ပျိုးထောင်ထားရန် အသိပညာပေးမှုများ ကြိုတင်ဆောင်ရွက်ခဲ့ရာ တောင်သူများကလည်း လိုက်နာဆောင်ရွက်ကြသည့်အတွက် ယခုကဲ့သို့ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သော လယ်မြေများတွင် အစားထိုးစိုက်ပျိုးခြင်းများကို အချိန်နှင့်တစ်ပြေးညီ အခက်အခဲမရှိ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ လယ်ယာမြေများကို စနစ်တကျ ပြန်လည်ပြုပြင်ထိန်းသိမ်းရန်နှင့် ကျရောက်တတ်သော ရောဂါပိုးမွှားများအတွက် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ရန် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံတောင်သူများအား အသိပညာပေး တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။ **ဆောင်းဦး**

ငပုတောမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၁၂၀၈၄၅ ဧက စိုက်ပျိုးပြီးစီး

ငပုတော သြဂုတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၁၂၀၈၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်၏ ပြောကြားချက်အရ သိရသည်။

ငပုတောမြို့နယ်၌ ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီတွင် မိုးစပါးလျာထားဧက ၁၄၃၀၂၃ ဧကကို ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၁၂၀၈၄၅ ဧက အထိ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

အဆိုပါမိုးစပါးလျာထားဧက ၁၄၃၀၂၃ ကေရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများဖြစ်သည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်နှီးနှယ်ဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာ မိုးစပါးလျာထားဧက ၁၄၃၀၂၃ ဧကအထိ စိုက်ပျိုးမှာဖြစ်ပါတယ်။ လက်ရှိအချိန်ထိ ၁၂၀၈၄၅ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်ပါတယ်။ မိုးစပါးတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒီနှစ် မိုးစပါးစိုက်ပျိုးရာသီမှာလည်း စိုက်နည်းစနစ်တွေမှန်ကန်စေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့နဲ့ အခက်အခဲမရှိ စိုက်ပျိုးနိုင်စေဖို့ အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါမှလည်း ရိတ်သိမ်းတဲ့အခါ အထွက်နှုန်းကောင်းပြီး အရည်အသွေးကောင်းတဲ့စပါးတွေ ထွက်ရှိမှာဖြစ်ပါတယ်''ဟု ဦးထွန်းမျိုးသန့်က ပြောသည်။

ငပုတောမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် မိုးစပါးများလျာထားချက် ပြည့်မီစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ မြေဆီလွှာပြုပြင်သည့်လုပ်ငန်းများ ကွင်းဆင်းသရုပ်ပြခြင်း၊ ရေစိမ့်ပေါက်၊ ရေထွက်ပေါက်များရှာဖွေခြင်း၊ စပါးအထွက်နှုန်းကောင်းစေရန် နည်းပညာများပို့ချပေးခြင်း စသည့်လုပ်ငန်းများကို ကြိုတင်စီမံဆောင်ရွက်ပေးထားကြောင်း သိရသည်။

သုတကျော်



မြစ်ကိုအလျားစုန်ကူးခဲ့သည့်

ကျွန်းစဉ်မြေစောခက်



ယမန်နေ့မှအဆက်

ကျွန်တော့်မျက်နှာ ပိုပြီးတည်ကြည်သွားသလို ရှိသည်။ ကျွန်တော်နှင့်အမြဲတွဲနေသော ရွှေမြ၊ ချမ်းအောင်နှင့် ထွန်းဝင်းတို့က သူငယ်ချင်းအတွက် ဂုဏ်ပြုပြုံးလေး ပြုံးနေကြ၏။

"စာရေးတာကို ဆရာမ အားပေးပါတယ်၊ ဆရာမ လည်း ဝါသနာပါပါတယ်၊ "ရိုးမခေါ်သံ" စာအုပ်ကို ရေးသားခဲ့တဲ့ စာရေးဆရာ မောင်စံဖော်ဆိုတာ ဆရာမရဲ့အစ်ကိုအရင်းပဲ၊ ဒီကျောက်ဖြူမြို့ဇာတိပဲ။ အခု ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာ ဆရာ လုပ်နေပါတယ်"

ကျောင်းသူ၊ ကျောင်းသားများ တဒင်္ဂဆိတ်ငြိမ် သွားကြသည်။

"မောင်ဘညွန့်က တော်ပါတယ်။ ကိုးတန်း ကျောင်းသားအရွယ်နဲ့ ရန်ကုန်ကထုတ်တဲ့မဂ္ဂဇင်း တွေမှာ ဝတ္ထုတွေ၊ ကဗျာတွေဖော်ပြခံရတာဆိုတော့ မဆိုးဘူး။ နောက်အများကြီးအလားအလာရှိပါ တယ်။ ကဲ မောင်ဘညွန့် သွားတော့သွားတော့၊ ရော့ စာအုပ်ယူသွား"

ကျွန်တော် ဆရာမဒေါ်စောရည်လှမ်းပေးသော စာအုပ်ကို ရိုရိုသေသေယူရင်း ကိုယ့်နေရာလေးသို့ လှမ်းသွားလိုက်သည်။

ကျွန်တော့်ရင်ထဲမှာတော့ ကျေနပ်မှုပီတိလှိုင်း သည် ရင်၌အပြည့်။

- - - - - - - - - - - - - - - -

ကျောင်းဆရာဖြစ်ချင်လွန်းနေသော ကျွန်တော် ကျောင်းကပေးသောစာများကို ဖတ်သည်၊ ကျက် သည်။ သင်ခန်းစာ လေ့ကျင့်ခန်းများကို လေ့လာ သည်၊ တွက်ချက်သည်။ ကိုယ်တိုင်နားမလည်လျှင် စာတော်သောသူငယ်ချင်းများကိုမေးသည်။ သင်ပြ ခိုင်းသည်။ တန်းမြင့်ကျောင်းထွက်လက်မှတ်ရ စာမေးပွဲအောင်လျှင် ကျွန်တော်ဖြစ်ချင်လွန်းသော ကျောင်းဆရာဘဝကို ခံယူရတော့မည်ဟု ခံယူထား သည်။ သို့သော် သခ်ၤာဘာသာရပ်ကတော့ ပြတုန်း ခဏသာ ကျွန်တော်နားလည်သည်။ ပုစ္ဆာအသစ် တွက်ပြီဆို ကျွန်တော်ယောင်လည်လည်ဖြစ်နေ တော့သည်။ ကိုယ့်ကိုယ်ကိုယ် သခ်ၤာဉာဏ်နည်း သည်ဟု သိမှတ်လိုက်သည်။ လပတ်စာမေးပွဲတွေ ဖြေတော့လည်း ကျက်စာများဆို အမြဲတမ်းဂုဏ်ထူး မှတ်နား ရောက်နေတတ်သည်။ သခ်ၤာမှာတော့ အောင်မှတ်ရသည်ဆိုရုံလေးပဲရှိသည်။ On the majin ဆိုသလိုပဲ ဖြစ်နေတတ်သည်။

၁၉၆၆-၆၇ ပညာသင်နှစ် အောက်တိုဘာလ သီတင်းကျွတ်ကျောင်းပိတ်အပြီး ကာလမှာပင် ကျွန်တော် မှီခိုကပ်ရပ်အားကိုးနေသော အဘွား ဒေါ်ရွှေစု အိုမင်းရင့်ရော်လာပေလို့လားမသိ။ နေမကောင်းခဏခဏဖြစ်သည်။ တစ်နေ့ ကျွန်တော့် ကို အနားသို့ခေါ်ပြီး တိုးတိုးညင်းညင်းလေး ပြောရှာ သည်။

"မောင်ဘညွန့်ရေ သားကို အဘွားပြောပြမယ်"

အဘွားဆီကထွက်လာမည့်စကားသံကို ကျွန်တော် နားထောင်နေမိသည်။

"အခု အဘွား အသက်အရွယ်ကလည်းရလာပြီ၊ နေမကောင်းတဲ့ရက်တွေလည်း များလာတယ်၊ အဘွားသမီးဆီ သွားနေလိုက်တော့မယ်။ သား ကိုယ့်ဖို့ကိုယ်ချက်စားပြီး ဒီအိမ်ကို စောင့်ရှောက်နေ လိုက်တော့နော်"

အဘွားစကားကြားရတော့ ကျွန်တော့်ရင်ဘတ် ထဲမှာ ဗလောင်ဆူသွားသည်။ ကျွန်တော့်ခန္ဓာကိုယ် အနှံ့ ချွေးပေါက်များ စို့ထွက်သွားသည်။ အဖေနှင့် အမေသိလျှင် ကျွန်တော်ကျောင်းနေရေးအတွက် မအားလပ်သည့်ကြားက အလုပ်များကြပေဦး မည်။ မြို့ပြအရပ်မှာ ကျေးလက်က ကျောင်းသား တစ်ယောက်ကို လက်ခံဖို့ဆိုသည်မှာလည်း လွယ်ကူသည့်အလုပ်မဟုတ်ဆိုသည်ကို ကျွန်တော် နားလည်ထားပြီးဖြစ်သည်။ သို့ဖြစ်၍ ကျွန်တော် ကျောင်းဆက်နေရရေးအတွက် ဘယ်လိုပဲဖြစ်ဖြစ် ကြိုးစားမည်ဟု ခံယူလိုက်သည်။

"အဘွားရယ် အဘွားက အသက်ကလည်းရနေပြီ၊ အဘွားသမီး အစ်မဆီသွားချင်တယ်ဆို သွားနေ လိုက်ပါ။ ကျွန်တော်အဘွားအိမ်ကို စောင့်ရှောက်ရင်း ကျန်နေခဲ့ပါ့မယ်"

"သား ထမင်းစားဖို့ဟာကျတော့ ဘယ်လိုလုပ် မလဲ"

အဘွားသည် မြေးဖြစ်သူ ကျွန်တော့်အတွက် သံယောဇဉ်စကားပြောသည်ဟု ကျွန်တော်နားလည် လိုက်သည်။

"ရပါတယ် အဘွားရယ်၊ ကျွန်တော် ထမင်း၊ ဟင်း ကောင်းကောင်း ချက်တတ်ပါတယ်။ ရွာမှာဆို အမေ့ မှာ သားသမီးတွေများတာနဲ့ ထမင်း၊ ဟင်းချက်တာ ပြုတ်တာမှာ အမေ့ကို ကျွန်တော်ကူညီရတာလည်း ရှိပါတယ်၊ သား ကောင်းကောင်းလုပ်တတ်ပါတယ်"

အဘွားသည် နောက်တစ်နေ့မှာပဲ သိမ်းစရာ ရှိတာတွေသိမ်း၊ ယူစရာရှိတာတွေယူကာ စစ်တွေ-သံတွဲသွားသဘော်နှင့် လိုက်သွားပါတော့သည်။ အဘွားသွားခါနီး အဘွားကို ကျွန်တော် ရှိခိုးကန်တော့ လိုက်သည်။

"အဘွားရယ် သား ကျောက်ဖြူမြို့ကိုရောက်လာ ချိန် လူမမည်အရွယ်ကစပြီး အခု လူပျိုပေါက်အရွယ် ရောက်တဲ့အထိ ခုနစ်နှစ်တိုင်တိုင် သားကို ကိုယ့်သား အရင်း၊ မြေးအရင်းနဲ့မခြား ပြုစုစောင့်ရှောက်ပြီး ချက်ပြုတ်ကျွေးမွေးခဲ့တာတွေ သားတစ်သက်မမေ့ ပါဘူး၊ အဘွားကို သား ကျေးဇူးအရမ်းတင်ပါတယ်။ သား ပြောမှားဆိုမှားရှိခဲ့ရင်လည်း ခွင့်လွှတ်ပေးပါ အဘွားရယ်"

"အေး သာခုပါကွယ် သာခု သာခု သာခု၊ သား ကျန်းမာပါစေ ချမ်းသာပါစေ၊ အန္တရာယ်ရှင်းလို့ ဘေးကင်းပါစေ၊ စာမေးပွဲကြီးအောင်လို့ သားဖြစ် ချင်တဲ့ ကျောင်းဆရာဘဝကိုလည်း ရရှိပါစေကွယ်'"

"အဘွားပေးတဲ့ဆုနဲ့ ပြည့်ရပါလို့၏"

ကျွန်တော့်မျက်ဝန်းမှာ မျက်ရည်တွေပြည့်နေ သလို အဘွားမျက်ဝန်းမှာလည်း မျက်ရည်တွေ နှင့်။

မာန်အောင်ကျွန်းသူအဘွားမှာ အဘိုးနှင့် အိမ်ထောင်မပြုမီကပင် ယခင်အိမ်ထောင်နှင့် သမီး မိန်းကလေးတစ်ယောက် ရှိခဲ့သည်ဟုဆိုသည်။ ကျွန်တော့်အဘိုးနှင့်အဘွား အိမ်ထောင်ပြုလိုက်ချိန် တွင် အဘွားသမီးက အပျိုအရွယ်ရောက်နေလေပြီ။ အဘိုးနှင့်အဘွားအိမ်ထောင်ပြုပြီး တစ်နှစ်အတော အတွင်းမှာပဲ အဘွားသမီး မရင်ရင်ဖြူသည် ကျောက် ဖြူမြို့ နယ်မြေခံတပ်မှ တပ်ကြပ်မောင်မောင် ဆိုသူ စစ်သားတစ်ဦးနှင့်အိမ်ထောင်ကျသွားသည်။ အစ်မ မရင်ရင်ဖြူမှာ သူ့ယောကျ်ားတပ်ရင်းပြောင်းတိုင်း သွေ့ာင်နောက် ဆံထုံးပါ လိုက်ပါနေခဲ့ရသည်။ ခုတော့ တပ်ကြပ် မောင်မောင်မှာ ဗိုလ်ကြီးအဆင့်သို့ရောက်နေပြီး သံတွဲ ငပလီမြို့ နယ်မြေခံတပ်တွင် တာဝန်ထမ်း ဆောင်လျက်ရှိသည်ဟု သိရသည်။

(၁၉၇၄ ခုနှစ် မြန်မာတစ်နိုင်ငံလုံး၌ ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်လိုက်ချိန် တွင် ကျွန်တော့်အစ်မ မရင်ရင်ဖြူ၏ယောကျ်ား၊ အဘွားဒေါ်ရွှေစု၏သမက် ဗိုလ်ကြီးမောင်မောင်မှာ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ပြည်သူ့ကောင်စီ ဥက္ကဋ္ဌဖြစ်လာသည်ဟု သိခဲ့ရပါသည်။)

++++++++++++++++

ဆက်လက်ဖော်ပြပါမည်။

စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဆွေးနွေးပွဲကျင်းပ



ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှကြီးမှူးပြီး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများအား အသိ ပညာပေးဆွေးနွေးပွဲကို ဩဂုတ်လ ၂၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံ (အရှေ့ပိုင်း)မြို့နယ်ရှိ အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း၌ ကျင်းပ သည်။

အဆိုပါအခမ်းအနားတွင် မြို့ပြပတ်ဝန်း ကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယညွှန်ကြားရေးမှူးဒေါ်နန်းတင်ယုဆွေက ကျောင်းသား၊ ကျောင်းသူများအနေ ဖြင့် အမှိုက်များစွန့်ပစ်ရာတွင် စည်းကမ်း တကျစွန့်ပစ်ရန်၊ ရန်ကုန်မြို့တော်ကို အမှိုက်ကင်းစင်ပြီး သန့်ရှင်းသာယာလှပ သည့်မြို့တော်အဖြစ် ရပ်တည်နိုင်စေရေး အားလုံးပူးပေါင်းပါဝင်ပြီး အနာဂတ်တွင် တိုင်းပြည်က အားထားရသည့် လူတော် လူကောင်းများဖြစ်စေရန် ကြိုးစားကြ စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့ပြပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန မြို့နယ် တာဝန်ခံတစ်ဦးက ကျောင်းသား၊ ကျောင်း သူများအား စွန့်ပစ်အမှိုက်ဆိုင်ရာ အသိ ပညာ၊ အမှုအကျင့်ကောင်းများနှင့်စပ်လျဉ်း၍ပြောကြားရာတွင် စွန့်ပစ်အမှိုက်များ ကိုလျှော့ချခြင်း၊ ပြန်လည်တီထွင်အသုံးပြု ခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ အမှိုက်များ အား အမှိုက်စို၊ အမှိုက်ခြောက်များ၊ အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်ခြင်းတို့ ကို ပရိုဂျက်တာဖြင့်ရှင်းလင်းပြောကြားပြီး မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့် ရှင်းရေးဌာနမှ ဝန်ထမ်းများက စနစ်တကျ အမှိုက်စွန့်ပစ်ရန် အသိပညာပေး တေး သရုပ်ဖော်များဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူ များအား ကြိုတင်ဝေငှထားသည့် လက် ကမ်းစာစောင်များထဲမှ အမှိုက်နှင့်ပတ် သက်သည့်မေးခွန်းများမေးမြန်းသည့်အစီ အစဉ်ကိုပြုလုပ်ရာ ကျောင်းသား၊ ကျောင်း သူများက စိတ်ပါဝင်စားစွာ ပါဝင်ဖြေဆို ကြကြောင်း သိရသည်။ **ဝန်းရံခ**

ကျောက်ဆည်မြို့နယ်၌ တောင်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးသည့် သဘော်ပင်များ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် ဩဂုတ် ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ တောင်သူများသည် စပါးကို အဓိကထားစိုက်ပျိုးကြပြီး တခြားဝင်ငွေရသီးနှံများလည်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြရာ လက်ရှိတွင် သဘော်ပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

သဘော်ပင်များစိုက်ပျိုးရာတွင် ပျိုးထောင်ပြီး သန်မာသည့်ပျိုးပင်များရွေးချယ်ကာ နေရောင်ခြည်ကောင်းစွာရရှိစေရန်နှင့် လေအဝင်အထွက်ကောင်းမွန်စေရန် မြေပေါင်များပြုလုပ်၍ တစ်ပင်နှင့်တစ်ပင်၊ တစ်တန်းနှင့်တစ်တန်း ၁၆ ပေအကွာ စိုက်ပျိုးကြကြောင်း၊ မြေအနေအထားနှင့် ရာသီဥတုအနေအထားအလိုက် စိုက်ပျိုးမှသာ အသီးများ သန်မာကြီးထွားပြီး လှပကြောင်း သိရသည်။

ထို့ပြင် လိုအပ်သည့်အချိန်များတွင် စိုက်ခင်းများကို ပိုးနှင်ဆေးနှင့်ပိုးသတ်ဆေးများ ဖျန်းပေးရကြောင်း၊ ရာသီဥတုအခြေအနေပေါ်မူတည်၍ ရေသွင်းပေးခြင်း၊ မြေဩဇာကျွေးပေးခြင်းများ ပြုလုပ်ပေးရကြောင်း သိရသည်။

သဘော်ပင်သည် မိသားစုတစ်နိုင်တစ်ပိုင်စီးပွားဖြစ်စိုက်ပျိုးနိုင်သည့် သီးနှံတစ်မျိုးဖြစ်ပြီး အပင်သက်တမ်းခြောက်လအရောက်တွင် ရောင်းတမ်းဝင်သဘော်သီးများ စတင်ဆွတ်ခူးရောင်းချရကြောင်း၊ ရေမြေကောင်းမွန်ပြီး ရာသီဥတုနှင့် အပင်အပြုအစုကောင်းမွန်ပါက ရှစ်လခန့်အထိ ဆွတ်ခူးရောင်းချရကြောင်း သိရသည်။

သဘော်သီးများ ရောင်းချသည့်အခါ ပွဲစားများက စိုက်ခင်းများအထိ လာရောက်ပြီး အသီးအနေအထားနှင့် အပင်အနေအထားကိုကြည့်၍ ကာလပေါက်စျေး သတ်မှတ်ဝယ်ယူကြကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)



ရန်ကင်းမြို့နယ်၌ စာဖတ်ရှုန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဩဂုတ်လ ၂၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ညိုက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှထွေးက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် Moderator များအဖြစ် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်လှလှထွေးနှင့် အထက်တန်းပြဆရာမ ဒေါ်ခင်စန်းရီတို့က ဆောင်ရွက်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်ပုံနှိပ်မီဒီယာ၊ လူငယ်နှင့်ဆိုရှယ်မီဒီယာ၊ လူငယ်နှင့်အားကစား၊ ကျန်းမာရေး၊ လူငယ်နှင့်နည်းပညာ ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက မိမိတို့သိရှိလိုသည်များကိုမေးမြန်းဆွေးနွေးရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအသိပညာပေး၊ လူကုန်ကူးမှုအသိပညာပေး၊ ကလေးအလုပ်သမားပပျောက်ရေး၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်များကို တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

စာကြည့်တိုက်အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

မော်လမြိုင်ကျွန်း ဩဂုတ် ၂၉


ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် တန့်ဂူကျေးရွာအုပ်စု ကွမ်းခြံချောင်းကျေးရွာ၌ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီမတည်ထွေဖြင့်တည်ဆောက်မည့် စာကြည့်တိုက်အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဩဂုတ်လ ၂၈ ရက်က အဆိုပါကျေးရွာ စာကြည့်တိုက်ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။

ရှေးဦးစွာ ကွမ်းခြံချောင်းကျေးရွာ ဂ္ဂစ္ဆာသယသာသနာ့မဏ္ဍိုင်ကျောင်းတိုက် ဆရာတော် ဦးပဏ္ဏာဝန့်ှင့် ဆရာတော်များက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပရိတ်တရားတော်များနာယူကာ ရေစက်သွန်းချအမျှပေးဝေခဲ့ကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်က ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရာတွင် ပြည်သူများ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် စာကြည့်တိုက်အဆောက်အအုံသစ်ဆောက်လုပ်မည့် မြေနေရာကို တာဝန်ရှိသူများက ပန္နက်တင်မည့် သတ်မှတ်နေရာ၌နေရာယူပြီး မင်္ဂလာအချိန်တွင် ပန္နက်တင်ခဲ့ကြကာ အမွေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။

အဆိုပါကျေးရွာ၌ မတည်ငွေကျပ်သိန်း ၁၅၀ ဖြင့် အလျား ပေ ၅၀၊ အနံ ပေ ၄၀ ရှိ တစ်ထပ်စာကြည့်တိုက်အဆောက်အအုံသစ် တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ **ရဲကိုမောင် (ပြန်/ဆက်)**



ကန့်ဘလူမြို့နယ်၌ ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံ ၁၉၇၈ ဧက စိုက်ပျိုးပြီးစီး

ကန့်ဘလူ ဩဂုတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံကို ဇွန်လဆန်းပိုင်းက စတင်စိုက်ပျိုးခဲ့ပြီး လက်ရှိအချိန်တွင် စားဖိုဆောင်သီးနှံစုံ ၁၉၇၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံစုံ ၁၉၇၈ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စားဖိုဆောင်သီးနှံတွေ စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့၊ နည်းပညာနဲ့ တခြားပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပါတယ်။ စားဖိုဆောင်သီးနှံတွေအနေနဲ့ ခရမ်း၊ မုန်လာ၊ ကိုက်လန်၊ မုန်ညင်း၊ ငရုတ်၊ နံနံ၊ တိုင်ထောင်ပဲ၊ ကျောက်ဖရုံ၊ ဘူး၊ ရုံးပတီ စတဲ့ဟင်းသီးဟင်းရွက်တွေကို စိုက်ပျိုးထားပါတယ်" ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးမျိုးဇော်က ပြောသည်။

ကန့်ဘလူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံများဖြစ်သည့် ပန်းဂေါ်ဖီ၊ မုန်လာ၊ မုန်ညင်း၊ နံနံ၊ ကိုက်လန်၊ ခရမ်း၊ ခရမ်းချဉ်၊ ဆူးပုပ်၊ ငရုတ်၊ ဘူး၊ ကျောက်ဖရုံ၊ ကြက်သွန်နီ၊ ရုံးပတီ၊ တိုင်ထောင်ပဲ စသည်တို့ကို စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအရောက်ကွင်းဆင်းပြီး တောင်သူများနှင့်တွေ့ဆုံကာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ကန့်ဘလူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စပါးအပြင်ကြံ၊ နေကြာ၊ မြေပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မတ်ပဲ၊ ချည်မျှင်ရှည်ဝါ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ နှမ်း၊ ငရုတ်၊ သခွား၊ ဖရဲ၊ ခရမ်း၊ ခရမ်းချဉ် စသည့်သီးနှံမျိုးစုံကို စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး စားဖိုဆောင်သီးနှံများကိုလည်း ရာသီအလိုက် တစ်နိုင်တစ်ပိုင်အဖြစ်လည်းကောင်း၊ စီးပွားဖြစ်အနေဖြင့်လည်းကောင်း စိုက်ပျိုးကာ တစ်ဖက်တစ်လမ်းမှ မိသားစုစီးပွားရေးအဆင့်ပြေစေရေး နှစ်စဉ်စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

အောင်ဝင်းဦးမိုး(ကန့်ဘလူ)

ပဲခူးမြို့တွင် ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပ





ပဲခူး ဩဂုတ် ၂၉

ပဲခူးမြို့မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတို့က နှုတ်ခွန်းဆက်စကားပြောကြားကာ ကရင်ရိုးရာချည်ဖြူဖွဲ့ခြင်းဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ ကရင်တိုင်းရင်းသားဘာသာစာပေသင်ဆရာမတစ်ဦးက ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတို့က ကရင်ဖားစည်အား (၉)ချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတို့က နှုတ်ခွန်းဆက်စကားပြောကြားကာ ကရင်ရိုးရာချည်ဖြူဖွဲ့ခြင်းဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ ကရင်တိုင်းရင်းသားဘာသာစာပေသင်ဆရာမတစ်ဦးက ရှင်းလင်းပြောကြားသည်။

ယင်းနောက် သရက်ကုန်း၊ ညောင်အင်း၊ ပျဉ်းမဉ္ဇကျေးရွာတို့မှ ကရင်တိုင်းရင်းသား/တိုင်းရင်းသူများက ဖဲကြိုးကျစ်အကနှင့် ကရင်ရိုးရာအကများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်၊ ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးဦးဆောင်၍ ကရင်လူငယ်မောင်မယ်များက ကရင်အမျိုးသားအလံနှင့် လက်ချည်ဖွဲ့မည့်ပစ္စည်းများကို သတ်မှတ်နေရာများသို့ သယ်ဆောင်ခြင်း၊ ဘိုးဘွားများနေရာယူခြင်းတို့ ဆောင်ရွက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများအား ချည်ဖြူဖွဲ့ပေးကြပြီး ကရင်အဘိုးအဘွားများအတွက် ထောက်ပံ့ငွေအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီးဦးဆောင်၍ ကရင်လူငယ်မောင်မယ်များက ကရင်အမျိုးသားအလံနှင့် လက်ချည်ဖွဲ့မည့်ပစ္စည်းများကို သတ်မှတ်နေရာများသို့ သယ်ဆောင်ခြင်း၊ ဘိုးဘွားများနေရာယူခြင်းတို့ ဆောင်ရွက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများအား ချည်ဖြူဖွဲ့ပေးကြပြီး ကရင်အဘိုးအဘွားများအတွက် ထောက်ပံ့ငွေအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီအတွက် ထောက်ပံ့ငွေအား ပြည်ထောင်စုဝန်ကြီးကလည်းကောင်း၊ ကရင်ရိုးရာဒုံးယိမ်းအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ညောင်လေးပင်ခရိုင် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဝင် ဦးစောလင်းအောင်က ကျေးဇူးတင်စကားပြောကြားပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကာ အခမ်းအနားတက်ရောက်လာကြသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

e-Government ဆိုင်ရာ Firewall Administration User Training (Cyber Security) သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၉

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် GNE Co., Ltd. တို့ပူးပေါင်းဖွင့်လှစ်သည့် e-Government ဆိုင်ရာ Firewall Administration User Training (Cyber Security) သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အရာထမ်း၊ အမှုထမ်းများ၊ GNE Co., Ltd. မှ Branch Office Manager၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ ဒစ်ဂျစ်တယ်ခေတ်တွင် ဆက်သွယ်ရေးစနစ်များနှင့် ICT နည်းပညာများ မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် အကျိုးကျေးဇူးများရှိသကဲ့သို့ တစ်ချိန်တည်းတွင် ဆိုက်ဘာတိုက်ခိုက်မှု၊ ဆိုက်ဘာရာဇဝတ်မှုများ စသည့်စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်လာရပါကြောင်း၊ ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဝန်ကြီးဌာန ဆိုက်ဘာလုံခြုံရေးအတွက် GNE Co., Ltd. နှင့်ပူးပေါင်း၍ Firewall – FortiGate 101F (Hardware)ကို တပ်ဆင်ထားရှိပြီးဖြစ်၍ Firewall တပ်ဆင်အသုံးပြု ဆောင်ရွက်ထားရှိမှုများနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အစီအမံများနှင့် ပတ်သက်၍ သိရှိနားလည်စေရန် ဤသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ICT ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သည့်ဝန်ထမ်းများ ပိုမိုထွက်ပေါ်လာပါက ဝန်ကြီးဌာန၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင်ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် အထူးကြိုးစားသင်ယူသွားကြရန် အလေးအနက်ထားမှာကြားလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ GNE Co., Ltd. မှ Branch Office Manager က သင်တန်းနည်းပြဆရာများနှင့် မိတ်ဆက်ပေးပြီး Powerpoint ဖြင့် ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းနည်းပြဆရာများ၊ သင်တန်းသား၊ သင်တန်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ အဆိုပါ သင်တန်းကာလမှာ သုံးရက်ခန့်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၁၄ ဦး တက်ရောက်ကြသည်။



ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်နှင့်အတူ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသို့ လည်းကောင်း၊ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသို့လည်းကောင်း ရုံးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီးတို့က တိုင်းဒေသကြီးအတွင်း တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် တိုင်းရင်းသားဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ထမ်းများက လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြရာ ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုက ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ၏ တင်ပြချက်များနှင့် ဌာနဆိုင်ရာလုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။ (မိုး/၈လ)

မြန်မာ့ပင်လယ်ပြင်

နေပြည်တော် ဩဂုတ် ၂၉

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၆ ပေမှ ၈ ပေခန့် ရှိနိုင်သည်။ (မိုး/၈လ)

နိုင်ငံခြားဝင်ငွေရရှိနေသည့် မြန်မာ့ငါးရှဉ့်မျိုးဆက် ပြတ်လပ်မှုမရှိစေရန် မွေးမြူနိုင်မည့်နည်းလမ်းများအား သုတေသနပြု



ရန်ကုန် ဩဂုတ် ၂၉

သဘာဝရေပြင်များမှ ထွက်ရှိသည့် ငါးရှဉ့်များ မျိုးဆက်ပြတ်လပ်မှုမရှိစေရန် ကန်စနစ်မွေးမြူမှုထက် သဘာဝတွင် မွေးမြူပါက ပိုမိုရှင်သန်ပွားများနိုင်မည့် သုတေသနစမ်းသပ်မှုကို တွေ့ရှိထားပြီး အောင်မြင်သော မွေးမြူမှုရလဒ်ကောင်းများရရှိနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ သုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

မိုးရာသီတွင် ငါးရှဉ့်များသားပေါက်၍ အများဆုံးထုတ်လုပ်တင်ပို့လေ့ရှိပြီး သဘာဝမှ ဖမ်းဆီးရမိသောငါးရှဉ့်များကို အရွယ်အစားခွဲခြားမှုမရှိဘဲ ရောင်းချမှုကြောင့် ငါးရှဉ့်မျိုးဆက်ပြတ်လပ်မှုကို ကြုံတင်ကာကွယ်နိုင်ရန် ဖမ်းဆီးရောင်းချသူများအား ဒိုင်များက အသိပညာပေးခြင်း၊ သဘာဝအတိုင်းဖမ်းဆီးရာတွင် ငါးရှဉ့်သားပေါက်များကို ပြန်လည်လွှတ်ပေးခြင်း၊ ကန်လှောင်မွေးမြူမှုထက် သဘာဝတွင် မွေးမြူသောစနစ်ကို တွင်ကျယ်စွာလုပ်ဆောင်ခြင်း၊ ထိုသို့လုပ်ဆောင်နိုင်ရန် နည်းပညာဖြန့်ဝေပေးခြင်းတို့ကို ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

"မြန်မာ့ငါးရှဉ့် မျိုးဆက်ပြတ်လပ်မှုမရှိအောင် ငါးရှဉ့်မွေးမြူမှုကို စမ်းသပ်လုပ်ဆောင်ပေမယ့် နည်းစနစ်ပိုင်းဆိုင်ရာလိုအပ်ချက်တွေရှိနေပါတယ်။ နောက်တစ်ခုက သဘာဝမှာမွေးမြူတာက ရှင်သန်နှုန်းပေါက်ပွားနှုန်းကောင်းမွန်တာကို သုတေသနပြုရထားတာရှိပါတယ်။ နှစ်စဉ်သဘာဝမှုရင်းဒေသမှာရှိနေတဲ့ ငါးရှဉ့်ပေါက်တွေသန်းနဲ့ချီပြီးဆုံးရှုံးနေရာမှာ သိန်းဂဏန်းပဲ သဘာဝမှာ မွေးမြူသွားကြမယ်ဆိုရင် ဝယ်လိုအားရှိနေတဲ့ မြန်မာ့ငါးရှဉ့်ရဲ့ အနာဂတ်ဟာ ငါးရှဉ့်တောင်သူတွေရဲ့ လူမှုစီးပွားကို အထောက်အပံ့ကောင်းရရှိစေမှာပါ"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်းဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အနာဂတ်တွင် ငါး၊ ပုစွန်နှင့် ရေထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပြီး လယ်ငါးရှဉ်းသားဖောက်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးလာရေးအတွက် ပညာရှင်များနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရန် တောင်သူနည်းပညာဆွေးနွေးပွဲများကို ကျင်းပပေးလျက်ရှိသည်။

ထို့ပြင် လယ်ငါးရှဉ့်များကို မျိုးစိတ်ခွဲခြားခြင်း၊ မျိုးငါးရှဉ့်ရွေးချယ်ခြင်း၊ ဆေးထိုးသားဖောက်ပြုလုပ်ခြင်း၊ မွေးမြူနိုင်ရန် ပြင်ဆင်ဆောင်ရွက်ခြင်း၊ ငါးရှဉ့်သားပေါက်စုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်း၊ မတူညီသော ဟော်မုန်းဆေးများဖြင့် ဆေးထိုးသားဖောက်၍ ဥချသားပေါက်မှုအပေါ် အကျိုးသက်ရောက်မှုကို လေ့လာခြင်း၊ လယ်ငါးရှဉ့်မျိုးစိတ်များ မျိုးပွားမှုဆိုင်ရာဇီဝဗေဒကိုအခြေခံ၍ သားပေါက်ရာသီ၊ မြေဆီလွှာနှင့် မျိုးပွားမှုတို့ကို ပညာရှင်များ၊ သုတေသီများနှင့် ဆွေးနွေးအကြံပြုခြင်းနှင့်အတူ နိုင်ငံတော်ကချမှတ်ထားသည့် မွေးမြူရေးရေလုပ်ငန်း သုတေသနဆိုင်ရာ မူဝါဒများကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ငါးရှဉ့်ပါးမဲ့ကို ကမ္ဘာ့နိုင်ငံ ၁၈ နိုင်ငံသို့ နှစ်စဉ်တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေရရှိလျက်ရှိပြီး ယမန်နှစ်က မြန်မာနိုင်ငံမှ ပြည်ပသို့ မြန်မာ့ငါးရှဉ့်တန်ချိန် ၁၃၀၀၀ ခန့် တင်ပို့နိုင်ခဲ့၍ ပြည်ပဝယ်လိုအားနှင့်အညီ တင်ပို့နိုင်ရန် အသင့်ရှိနေသည့်အတွက် ရေသယ်ဇာတကြွယ်ဝသော မြန်မာနိုင်ငံအနေဖြင့် ရေထွက်ကုန်များ အနာဂတ်ကာလတွင် တိုးမြှင့်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရေရှည်တွင် မြန်မာ့ငါးရှဉ့် မျိုးဆက်ပြတ်လပ်မှုမရှိစေရန် နိုင်ငံတော်နှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ လက်တွဲ၍ဆောင်ရွက်လျက်ရှိပြီး ကန်လှောင်မွေးမြူမှုထက် သဘာဝမှုရင်းဒေသတို့တွင် မွေးမြူပါက ပိုမိုရှင်သန်ထုတ်လုပ်နိုင်မှုကို မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သုတေသနပြုတွေ့ရှိထားကြောင်း သိရသည်။

ဓာတ်ပုံ - ကနူး

ညိမ်းသူ(သတင်းစဉ်)

ပြည်တွင်းခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများ EV လျှပ်စစ်ခရီးသည်တင်ယာဉ်များဖြင့်ပြေးဆွဲလာ



ရန်ကုန် ဩဂုတ် ၂၉

မြန်မာ့လျှပ်စစ်ကား အသွင်ကူးပြောင်းရေးဆောင်ရွက်လျက်ရှိရာတွင် ပြည်တွင်း EV လျှပ်စစ်တက္ကစီယာဉ်များကို အသုံးပြုလာကြပြီးနောက် ယခုအခါ ပြည်တွင်းခရီးသည် ပို့ဆောင်ရေးယာဉ်လိုင်းများသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလျှော့ချပေးနိုင်သည့် ခေတ်မီ EV လျှပ်စစ်ခရီးသည်တင်ယာဉ်သစ်ကြီးများဖြင့် စတင်၍ ပြေးဆွဲလာကြကြောင်းသိရသည်။

ပြီးခဲ့သည့်လအတွင်းက ရန်ကုန်-မန္တလေး-နေပြည်တော် EV လျှပ်စစ်ခရီးသည်တင်ယာဉ်များဖြင့် ခရီးစဉ်ဝန်ဆောင်မှုများကို မန္တလာမင်းခရီးသွားယာဉ်လိုင်းက EV လျှပ်စစ်ကားသစ်ကြီးများဖြင့် စတင်ပြေးဆွဲပေးခဲ့ပြီးနောက် ယခုအခါ ရာဇာမင်းခရီးသွားယာဉ်လိုင်းမှလည်း EV လျှပ်စစ်ခရီးသည်တင်ယာဉ်သစ်ကြီးများဖြင့် ထပ်မံပြေးဆွဲပေးမည်ဖြစ်ကြောင်း အဆိုပါ ရာဇာမင်းခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းက ထုတ်ပြန်ထားသည်။

အဆိုပါယာဉ်လိုင်းသည် တရုတ်နိုင်ငံမှ တင်သွင်းလာသည့် Yutong အမျိုးအစား EV လျှပ်စစ်ခရီးသည်တင်ယာဉ်များကို စက်တင်ဘာလကုန်တွင် စတင်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး လက်ရှိအချိန်၌ မှာယူထားသော EV လျှပ်စစ်ကားသစ်ကြီးများတင်ဆောင်လာသည့် သင်္ဘောသည် တရုတ်နိုင်ငံ ဆိပ်ကမ်းမှစတင်ထွက်ခွာလာပြီဖြစ်ကြောင်း သိရသည်။

ခရီးစဉ်အနေဖြင့် ရန်ကုန်-မန္တလေး၊ ရန်ကုန်-နေပြည်တော်ခရီးစဉ်များအတွက် ပြေးဆွဲသွားမည်ဖြစ်ပြီး ခရီးသည်များ ပိုမိုသက်သောင့်သက်သာရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်ပြေးဆွဲခြင်းဖြစ်ကြောင်း ရာဇာမင်းခရီးသည်ပို့ဆောင်ရေးကထုတ်ပြန်ထားသည်။ ယခု EV လျှပ်စစ်ခရီးသွားယာဉ်လိုင်း ထပ်မံပြေးဆွဲပေးမည်ဆိုပါက EV လျှပ်စစ်ပြည်တွင်းခရီးစဉ်ဝန်ဆောင်မှုယာဉ်လိုင်းနှစ်လိုင်းအထိ ရှိလာမည်ဖြစ်ကြောင်း သိရသည်။ **TWA**

သဇင် (FM)
အသံလွှင့်အစီအစဉ်
၃၀-၈-၂၀၂၄(သောကြာနေ့)

၁။	၀၈:၀၀	For Youth
၂။	၁၀:၀၀	သတင်း/သီချင်း
၃။	၁၃:၀၀	တိုင်းရင်းသား စကားပြောကြရအောင်
၄။	၁၇:၀၀	ထူးခြားထင်ရှား ကမ္ဘာတစ်လွှား
၅။	၁၉:၀၀	စစ်သည်ကဏ္ဍာ
၆။	၂၁:၂၀	စာလာတယ်ဗျို့

ပုံစံအသစ်ဖြင့် ပထမဆုံးအကြိမ်ပြောင်းလဲကျင်းပမည့် ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ်မဲနှိုက်ရွေးချယ်ပွဲနှင့် အကောင်းဆုံးဆုပေးအပ်ပွဲအခမ်းအနားကျင်းပ

မိုနာကို ဩဂုတ် ၂၉

ပထမဆုံးအကြိမ် ပုံစံအသစ်ဖြင့် ပြောင်းလဲကျင်းပသွားမည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ်မဲနှိုက်ရွေးချယ်ပွဲအခမ်းအနားနှင့် အကောင်းဆုံးဆုပေးအပ်ပွဲအခမ်းအနားကို ယနေ့ မြန်မာ စံတော်ချိန် ည ၁၀ နာရီခွဲတွင် ပြင်သစ်နိုင်ငံ မိုနာကိုရှိ Grimakdi Forum ၌ကျင်းပခဲ့ ကြောင်း သိရသည်။

ချန်ပီယံလိဂ်ပြိုင်ပွဲကို ပြီးခဲ့သည့်ဘောလုံးရာသီထိ ပြိုင်ပွဲဝင်အသင်း ၃၂ သင်းဖြင့် လေးသင်းပါ ရှစ်အုပ်စု အုပ်စုပုံစံဖြင့် ကျင်းပခဲ့သော်လည်း လာမည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် ပုံစံအသစ်ဖြင့် ပြောင်းလဲပြီး ပြိုင်ပွဲဝင်အသင်းလေးသင်း တိုးမြှင့်ကာ စုစုပေါင်းပြိုင်ပွဲဝင်အသင်း ၃၆ သင်းကို အုပ်စုပုံစံဖြင့် ကျင်းပနေသည့်အစား အမှတ်ပေးလိဂ်ပုံစံဖြင့် ပြောင်းလဲကျင်းပသွားမည်ဖြစ်ကာ ပြိုင်ပွဲဝင်အသင်းတစ်သင်းလျှင် အိမ်ကွင်းလေးပွဲနှင့် အဝေးကွင်းလေးပွဲကစားသွားရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်အသင်းများအနေဖြင့် အိမ်ကွင်းလေးပွဲ၊ အဝေးကွင်းလေးပွဲစီ စုစုပေါင်း ရှစ်ပွဲကစားပြီးပါက ရမှတ်ရရှိမှုများအပေါ်မူတည်ပြီး အမှတ်ပေးလိဂ်ပုံစံကဲ့သို့ အမှတ်ပေးဇယားရပ်တည်မှုအတိုင်း အဆင့်သတ်မှတ်ချက်များရရှိမည်ဖြစ်ပြီး လိဂ်ပွဲစဉ်များကစားပြီးချိန်တွင် အမှတ်ပေးဇယား အဆင့် (၁)နေရာမှ အဆင့် (၈)နေရာထိ အသင်း ရှစ်သင်းသည် (၁၆)သင်းရှိးထွက် အဆင့်သို့ တိုက်ရိုက်တက်ရောက်နိုင်မည်ဖြစ်ပြီး အဆင့်(၉)နေရာမှအဆင့်(၂၄)နေရာတွင်ရပ်တည်သည့် အသင်းများအနေဖြင့် ရှိးထွက်အဆင့်ကစားပြီး ရှစ်သင်းမှာရှိးထွက်အဆင့် တက်ရောက်နိုင်မည်ဖြစ်သည်။

အမှတ်ပေးဇယားအဆင့် (၂၅)နေရာမှ (၃၆)နေရာတွင် ရပ်တည်သည့်အသင်းများအနေဖြင့် ယခင်နှစ်များကကဲ့သို့ ယူရိုပါလိဂ် ပြိုင်ပွဲကို သွားရောက်ကစားခွင့်ရရှိမည်မဟုတ်ဘဲ ပြိုင်ပွဲမှထွက်ခွာရမည်ဖြစ်ကြောင်း သိရသည်။

မဲခွဲမှုအပြီးတွင် လက်ရှိချန်ပီယံ ရီးရဲလ်မက်ဒရစ်အသင်းသည် အိမ်ကွင်းလေးပွဲအဖြစ် ဒဲ့ဒါမွန်အသင်း၊ အေစီမီလန်အသင်း၊ ဆဲလ်ဘတ်အသင်း၊ စတုဂုတ်အသင်းတို့နှင့် ကစားရမည်ဖြစ်ပြီး အဝေးကွင်းပွဲစဉ်လေးပွဲအဖြစ် လီဗာပူးအသင်း၊ လိုင်လီအသင်း၊ အတ္တလန္တာအသင်းနှင့် ဘရက်အသင်းတို့နှင့် ကစားသွားရမည်ဖြစ်သည်။

အဆိုပါမဲခွဲပွဲအခမ်းအနားတွင်အကောင်းဆုံးဆုများကိုလည်း ပေးအပ်ချီးမြှင့်ခဲ့ပြီး 2024 President Award ဆုကို အီတလီအသင်းနှင့် ဂျူဗင်တပ်အသင်း ဂိုးသမားဟောင်း ဘူဖွန်ကလည်းကောင်း၊ ချန်ပီယံလိဂ်ပြိုင်ပွဲ ထာဝရသွင်းဂိုးအများဆုံးကစားသမားဆုကို စီရော်နယ်ဒိုကလည်းကောင်း ဆွတ်ခူးနိုင်ခဲ့ပြီး ပွဲစဉ်ဇယားရေးဆွဲပွဲအခမ်းအနားကိုလည်း စီရော်နယ်ဒိုနှင့် ဘူဖွန်တို့က မဲနှိုက်ရွေးချယ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **စည်သူအောင်**

ပိန်သူတွေအတွက် အသားဓာတ်တိုးစေမယ့် အစားအစာများ

လူ့သဘောသဘာဝအရ ပိန်တဲ့သူက ဝချင်တယ်။ ဝတဲ့သူကပိန်ချင်ကြတယ်။ ကျန်းမာရေးရှုထောင့်က ကြည့်မယ်ဆိုရင် ပိန်လွန်းရင်လည်း မကောင်းသလို ဝလွန်းရင်လည်း မကောင်းပါဘူး။ ဝတဲ့သူတွေအတွက် ကိုယ်အလေးချိန်လျှော့ချနိုင်မယ့် လေ့ကျင့်ခန်းတွေ၊ အစားအသောက်တွေကို ကျန်းမာရေးဗဟုသုတအဖြစ် မကြာခဏဖော်ပြလေ့ရှိပေမယ့် ပိန်တဲ့သူတွေအတွက် အသားဓာတ်တိုးစေမယ့် အစားအသောက်တွေအကြောင်းကို ပညာပေးမျှဝေသူနည်းတာကြောင့် အခုလို အကြံပြုရေးသားလိုက်ပါတယ်။

ထမင်းစားသင့်ပါတယ်။ နေ့စဉ်စားသုံးနေတဲ့ထမင်းက ကိုယ်အလေးချိန်တက်ဖို့ အတွက်လည်း ကူညီပေးတယ်။ ထမင်း ၁၀၀ ဂရမ်စားပေးရင် ကယ်လိုရီက ၁၃၀ အထိ တက်လာနိုင်ပါတယ်။ ပုံမှန်စားသုံးတဲ့ပမာဏထက် အနည်းငယ်ပိုပြီးစားသုံးခြင်းက ကိုယ်အလေးချိန်တက်အောင် ကူညီပေးပါတယ်။ ထမင်းစားခြင်းကြောင့် ကိုယ်အလေးချိန်တက်လာတာက ဆန်အမျိုးအစားနဲ့ ဆန်ထဲမှာ အမျှင်ဓာတ်ပါဝင်မှုပေါ်မူတည်ပြီး ပြောင်းလဲမှုရှိပါတယ်။ နောက်တစ်ခုက ကိုယ့်ခန္ဓာကိုယ်က အသုံးပြုလိုက်တဲ့ကယ်လိုရီထက်ပိုပြီး စားသုံးမှသာ ကိုယ်အလေးချိန်တက်စေမှာဖြစ်ပါတယ်။

ကယ်လိုရီရရှိမှုက အဖြူရောင်ဆန်နဲ့ အညိုရောင်ဆန်ဆိုပြီး ကွာခြားမှုရှိပါတယ်။ အဖြူရောင်ဆန်နို့ဆီဘူးတစ်ဘူး ချက်ရင် ၂၀၅ ကယ်လိုရီရရှိပြီး အညိုရောင်ဆန် နို့ဆီဘူးတစ်ဘူးချက်ရင် ကယ်လိုရီ ၂၂၀ အထိရရှိစေတယ်။ အမျှင်ဓာတ်ပါဝင်တဲ့အစားအစာကို စားသုံးခြင်းက ကိုယ်အလေးချိန်အတွက်သာမက ဆီးချိုနဲ့နှလုံးရောဂါဖြစ်နိုင်ခြေကိုလည်း လျှော့ချပေးပါတယ်။

မြေပဲယိုသုတ်ထားတဲ့ ပေါင်မုန့်စားသင့်ပါတယ်။ မြေပဲနဲ့ပြုလုပ်တဲ့မုန့်တွေက အရသာရှိသလို အသားဓာတ်ပါဝင်မှုလည်းများပါတယ်။ မြေပဲယိုသုတ်ထားတဲ့ ပေါင်မုန့်တစ်ချပ်မှာ ကယ်လိုရီ ၂၀၀ ပါဝင်ပါတယ်။ အစာစားတဲ့အချိန်တိုင်း စားသုံးပေးမယ်ဆိုရင်လည်း ကိုယ်အလေးချိန်ကို လျင်မြန်စွာတက်လာစေပါတယ်။ ဒါပေမဲ့ တစ်နေ့ကို ထမင်းစားဇွန်းခြောက်ဇွန်းထက်ပိုပြီးမစားသင့်ပါဘူး။ ကိုယ့်ခန္ဓာကိုယ်မှာ မလိုတဲ့အဆီတွေဖြစ်ပေါ်လာနိုင်ပါတယ်။

တူနာငါးစားသင့်ပါတယ်။ ကိုယ်အလေးချိန်တက်အောင်ပြုလုပ်တဲ့အချိန်မှာ ကိုယ့်ရဲ့ ကျန်းမာရေးကိုလည်း မေ့ထားလို့မရပါဘူး။ တူနာငါးက ကိုယ်အလေးချိန်တက်စေပြီး ကျန်းမာရေးကိုလည်း ကောင်းမွန်စေပါတယ်။ တူနာငါးမှာ ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်တဲ့ အသားဓာတ်၊ ဖက်တီးအက်စစ်နဲ့ အဆီတို့ပါဝင်ပါတယ်။ တူနာငါးက ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ကယ်လိုရီနဲ့ အသားဓာတ်ကိုလည်း လျင်မြန်စွာရရှိစေနိုင်ပါတယ်။ တူနာငါးက အသားဓာတ်နဲ့ သတ္တုဓာတ်ကြွယ်ဝတာကြောင့် ကြွက်သားတွေကို လျင်မြန်စွာ ကြီးထွားဖွံ့ဖြိုးစေပါတယ်။ တူနာငါးက ခန္ဓာကိုယ်အတွက် မလိုအပ်တဲ့ အဆီတွေကိုလည်း မဖြစ်ပေါ်စေနိုင်တာကြောင့် စားသုံးဖို့သင့်တော်ပါတယ်။

မလိုင်အပြည့်ပါတဲ့ နွားနို့သောက်သုံးသင့်ပါတယ်။ ခန္ဓာကိုယ်အလေးချိန်တက်ချင်သူတွေအတွက် မလိုင်ထုတ်ပြီးသားနွားနို့သောက်ခြင်းထက် မလိုင်အပြည့်ပါတဲ့နွားနို့ သောက်သင့်ပါတယ်။ မလိုင်အပြည့်ပါတဲ့နွားနို့က ကယ်လိုရီ ၉၀ ပါဝင်တဲ့အပြင် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်တဲ့ဗီတာမင်နဲ့ သတ္တုဓာတ်တွေ ပါဝင်ပါတယ်။ နွားနို့သောက်တာက အရိုးအဆစ်တွေကို သန်မာစေတဲ့အပြင် ကိုယ်ခံစွမ်းအားကိုလည်း တိုးတက်ကောင်းမွန်စေပါတယ်။

ကြက်ဥကိုလည်း ပုံမှန်စားသုံးသင့်ပါတယ်။ ကြက်ဥကို အစိမ်းသောက်ရမယ်လို့မဆိုလိုပါဘူး။ ကြက်ဥမွှေကြော်၊ ဒါမှမဟုတ် ကြက်ဥပြုတ်ကိုစားခြင်းက ကြွက်သားဖွံ့ဖြိုးမှုကို ကူညီပေးတဲ့ပရိုတင်း၊ ကိုလင်း(Protein၊ choline)စတဲ့ အာဟာရဓာတ်တွေရရှိစေပါတယ်။ ကြက်ဥတစ်လုံးမှာ ၇၂ ကယ်လိုရီပါဝင်ပါတယ်။ ကယ်လိုရီပါဝင်မှုက ကြက်ဥအရွယ်အစားပေါ်မူတည်ပြီး ကွာခြားမှုရှိပါတယ်။

ကြက်ဥကို တစ်နေ့သုံးလုံးစားသုံးခြင်းက ကျန်းမာရေးအတွက် အထူးကောင်းမွန်စေပါတယ်။



အနီရောင်ရှိတဲ့အသား စားသုံးသင့်ပါတယ်။ ကိုယ်က ခန္ဓာကိုယ်နဲ့ ကြွက်သားဖွံ့ဖြိုးအောင် တည်ဆောက်နေသူဆိုရင် အနီရောင်အသားတွေကို စားသုံးဖို့လိုအပ်ပါတယ်။ အဲဒီလိုအသားတွေမှာ အဆီဓာတ်လည်းပါဝင်တာကြောင့် လိုတာထက်ပိုပြီးစားသုံးဖို့တော့မသင့်ပါဘူး။ မလိုအပ်တဲ့အဆီတွေက ခန္ဓာကိုယ်အတွက် ဆိုးကျိုးဖြစ်ပေါ်စေပါတယ်။

သစ်သီးစားသုံးသင့်ပါတယ်။ သစ်သီးစားခြင်းက ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေပြီး ကိုယ်အလေးချိန်တက်အောင်လည်း ကူညီပေးပါတယ်။ သရက်သီး၊ ငှက်ပျောသီးနဲ့ နာနတ်သီးတွေက စားသုံးဖို့အသင့်တော်ဆုံးဖြစ်ပါတယ်။ အသီးတွေမှာ သဘာဝသကြားဓာတ်ပါဝင်ပြီး ခန္ဓာကိုယ်အတွက်လိုအပ်တဲ့စွမ်းအင်တွေကို ပေးစွမ်းနိုင်ပါတယ်။ ကိုယ်ခံစွမ်းအားကိုတိုးစေတဲ့အတွက် ရောဂါဖြစ်ခြင်းကနေ ကာကွယ်ပေးတဲ့အပြင် ကိုယ်အလေးချိန်တက်အောင်လည်း ကူညီပေးပါတယ်။

ဒိန်ခဲစားသုံးသင့်ပါတယ်။ ဒိန်ခဲက အရသာရှိတဲ့ အစားအစာတစ်မျိုးဖြစ်ပြီး တခြားအစားအစာတွေနဲ့လည်း တွဲဖက်စားသုံးလို့ရပါတယ်။ သဘာဝနို့ထွက်အစားအစာဖြစ်တဲ့ဒိန်ခဲက အဆီဓာတ်ပါဝင်မှုကြွယ်ဝတာကြောင့် ခန္ဓာကိုယ်အလေးချိန်တက်ချင်သူတွေ စားသုံးသင့်ပါတယ်။ ဒိန်ခဲမှာ အသားဓာတ်လည်း ပါဝင်တာကြောင့် ကြွက်သားဖွံ့ဖြိုးမှုကို လည်း အထောက်အကူပြုပါတယ်။

အာလူးစားပေးသင့်ပါတယ်။ ခန္ဓာကိုယ်အလေးချိန်တက်ချင်သူတွေက ကာဗို ဟိုက်ဒရိတ် (Carbohydrate) ပါဝင်တဲ့ အစားအစာတွေကိုလည်း စားသုံးသင့်ပါတယ်။ ကာဗိုဟိုက်ဒရိတ်ပါတဲ့ အစားအသောက်တွေထဲကနေ ရွေးချယ်မယ်ဆိုရင် အာလူးက အသင့်တော်ဆုံးဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် အာလူးမှာ အသားဓာတ်၊ အမျှင်ဓာတ်နဲ့ဗီတာမင်စီတို့ပါဝင်တဲ့အတွက်ကြောင့်ဖြစ်ပါတယ်။

တချို့က မွေးရာပါပိန်ကြပါတယ်။ သူတို့ရဲ့ ဇီဝကမ္မဖြစ်စဉ်မြန်တဲ့အတွက်ကြောင့် ကိုယ်အလေးချိန်တက်အောင် ပြုလုပ်ဖို့ခက်ခဲနိုင်ပါတယ်။ ပုံမှန်အနေနဲ့ ကိုယ်အလေးချိန်နည်းသူတွေက ရောဂါဝင်ရောက်လွယ်ပြီး တစ်ခုခုဆိုရင် ကိုယ်တွင်းအင်္ဂါကိုလည်း ထိခိုက်နိုင်ပါတယ်။ အမျိုးသမီးတွေမှာဆိုရင် ဓမ္မတာပုံမှန်မလာခြင်းနဲ့ အရိုးပွရောဂါတို့ဖြစ်နိုင်ခြေများပါတယ်။

လူတိုင်း ကိုယ်အလေးချိန်အချိုးအဆဘီအမ်အိုင်(၁၈.၉-၂၄.၉)အတွင်း ရှိသင့်ပါတယ်။ ဘီအမ်အိုင်ဆိုတာ ကိုယ်အလေးချိန်(ကီလိုဂရမ်)ကို အရပ်အမြင့်မီတာ(နှစ်ထပ်ကိန်း)နဲ့ စားလို့ရတဲ့ရလဒ်ဖြစ်လို့ ကိုယ်အလေးချိန်နတ်လာမှ ဘီအမ်အိုင်ပုံမှန်ဖြစ်မှာဖြစ်ပါတယ်။

ကိုယ်အလေးချိန်တက်အောင် မှန်ကန်တဲ့အစားအစာ ရွေးချယ်စားသောက်ဖို့ လိုအပ်ပါတယ်။ ကိုယ်စားသုံးနေကျအစားအစာကိုပြောင်းလဲလိုက်တာနဲ့ ကိုယ်အလေးချိန်ကလည်း တဖြည်းဖြည်းတက်လာမှာဖြစ်ပါတယ်။ ကိုယ်အလေးချိန် ချက်ချင်းတက်လာဖို့ နေ့စဉ်နာရီဝက်ကနေ တစ်နာရီ အပြေး၊ ရွရွပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူးပြုလုပ်သင့်ပါတယ်။ မနက်စာကို အပြည့်အဝစား၊ နေ့လယ်စာကို ပုံမှန်သာစားပြီး ညနေစာကိုပါ အဝစားရင်၊ အိပ်စက်ချိန်(၆-၈)နာရီ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်မယ်ဆိုရင် မကြာခင် ကိုယ်အလေးချိန်တက်လာနိုင်ပါတယ်။ ။

ဒေါက်တာလွင်သန့်

ရွှေတောင်မြို့နယ် အခြေခံပညာနှင့် စက်မှု စိုက်ပျိုး မွေးမြူရေးအထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေးလှုပ်ရှားမှုများနှင့် Mpox(မျောက်ကျောက်) ရောဂါအကြောင်း အသိပညာပေးဟောပြော



ရွှေတောင် ဩဂုတ် ၂၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်၌ ကျောင်းကျန်းမာရေးလှုပ်ရှားမှုများနှင့် Mpox(မျောက်ကျောက်) ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၂၉ ရက်တွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ရုတနာခန်းမ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ရွှေတောင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာထက်ကျော်လင်းက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ Mpox (မျောက်ကျောက်)ရောဂါနှင့်ပတ်သက်၍ အရေးပေါ်ထုတ်ပြန်ချက်၊ ရောဂါလက္ခဏာများ၊ ရောဂါကူးစက်နိုင်ခြေရှိသည့်နည်းလမ်းများ၊ ရောဂါပျိုးရက်များ၊ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ၊ ရောဂါဖြစ်ပွားပြီး နောက်ဆက်တွဲဖြစ်စဉ်များ၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာလုပ်ငန်းများ၊ သံသယလူနာများကို သီးခြားထားရှိခြင်း၊ ကုသခြင်း၊ ကာကွယ်နိုင်မည့်နည်းလမ်းများနှင့် ရောဂါသံသယလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ရန် လိုအပ်ကြောင်း အသိပညာပေးဟောပြောပြီး ကျန်းမာရေးဆရာမ ဒေါ်ကေသီနှင့် ဒေါ်ဝေဝေဖြိုးတို့က ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်များ၊ အာဟာရအုပ်စု သုံးအုပ်စုအကြောင်း၊ မိုးရာသီတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့် သွားနှင့်ခံတွင်းရောဂါများအကြောင်းကို အသီးသီးဟောပြောဆွေးနွေးကြသည်။

ထို့နောက် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား ကိုယ်အလေးချိန်တိုင်းတာခြင်း၊ အရပ်တိုင်းတာခြင်းနှင့် လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ဆက်)

စက်သုံးဆီအရောင်းဆိုင်များအား ရှောင်တခင်စစ်ဆေး



မိုးနဲ ဩဂုတ် ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ အများပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် အရည်အသွေးစံချိန်စံညွှန်းကိုက်ညီမှုနှင့် အခြင်အတွယ်ပြဿနာ မဖြစ်ပေါ်စေရေးအတွက် မြို့နယ်စက်သုံးဆီဈေးနှုန်းစောင့်ကြည့်ထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိသူများက ဩဂုတ်လ ၂၉ ရက် နံနက်ပိုင်းတွင် မြို့နယ်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များအား ရှောင်တခင်ဝင်ရောက်စစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်စက်သုံးဆီဈေးနှုန်း စောင့်ကြည့်ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များက ခွင့်ပြုထုတ်ပေးသည့် စက်သုံးဆီအမျိုးအစား၊ သတ်မှတ်အရည်အသွေးနှင့် အခြင်အတွယ်ကိုက်ညီ မှန်ကန်မှု ရှိ၊ မရှိ၊ ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချခြင်း ရှိ၊ မရှိ၊ သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ရောင်းချခြင်း ရှိ၊ မရှိ၊ မီးဘေးအန္တရာယ်ကာကွယ်ရေးကိစ္စရပ်များ ကြိုတင်ဆောင်ရွက်ထားခြင်း ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြောင်းသိရသည်။

မျိုးညွှန့်ရွှေ(မိုးနဲ)

ဥပဒေဆိုင်ရာ အခြေခံအသိအမြင်များ ပညာပေးဟောပြောပွဲကျင်းပ

စဉ့်ကိုင် ဩဂုတ် ၂၉

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် တောမကျေးရွာအုပ်စု တောမကျေးရွာရှိ ကျောက်ဆည်တက္ကသိုလ်၌ ဥပဒေဆိုင်ရာ အခြေခံအသိအမြင်များ ပညာပေးဟောပြောပွဲ အခမ်းအနားကို ဩဂုတ်လ ၂၈ ရက်တွင် အဆိုပါတက္ကသိုလ်ရှိ ဧကရာဇ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဦးစီးအရာရှိ ဦးအောင်ဆန်းဦးက အမှာစကားပြောကြားပြီး ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယမြို့နယ် ဥပဒေအရာရှိ ဦးစွမ်းရည်ထက်မြတ်က ဥပဒေဆိုင်ရာ အခြေခံအသိအမြင်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ ယင်းနောက် ကျောက်ဆည်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနီနီယဉ်က အသိပညာပေးဟောပြောသော မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဦးစီးအရာရှိနှင့် ဒုတိယမြို့နယ် ဥပဒေအရာရှိတို့အား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကြောင်းသိရသည်။

ကျော်စွာ(စဉ့်ကိုင်)

ကျားကုန်းခေတ်မီစံပြကျေးရွာ၌ ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ



ပင်းတယ ဩဂုတ် ၂၉

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာများ၌ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုမျှတရေးနှင့် သစ်တောသစ်ပင်စိုက်ပျိုးခြင်းတွင် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းပါဝင်လာစေရေး ရည်ရွယ်ချက်များဖြင့် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ်လ ၂၉ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကျားကုန်းကျေးရွာအုပ်စု ကျားကုန်းခေတ်မီစံပြကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ပင်းတယမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးဦးအောင်ကျော်က မိုးရာသီသစ်ပင်စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာတွင် စိုက်ပျိုးရမည့် ပျိုးပင်များကို ခွဲဝေပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာသူ၊ ကျေးရွာသားများနှင့် ပူးပေါင်း၍ ကျားကုန်းခေတ်မီ စံပြကျေးရွာရှိ မြေသားရေကန်နှင့် လမ်းဘေး ဝဲ/ယာ နေရာများတွင် စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ထင်ရှူးနှင့် မျောက်ငိုပင် စုစုပေါင်းအရိပ်ရပျိုးပင် ၂၅၀ ပင်ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

စိန်လွင်(ကျေးလက်)

ပြည်ထောင်စုကို ကာကွယ်စို့

➡ ဖြူနီ ဝါကျား၊ သင်းကွဲနွားတွေ
ဟိုနားတစ်စု၊ သည်တစ်စုနဲ့
ယခုခါကွဲ၊ ထုမမြဲမို့
နွားကွဲတဲ့အရပ် ကျားဆွဲတတ်၏။

➡ အတွင်းထရံ၊ အပြင်လှန်၍
ပြင်ထရံချို၊ အတွင်းလျှိုးလျှင်
ပုံဆိုးယုတ်စွ၊ လုပ်သမျှလွဲ
ရန်လည်းမရှင်း၊ ဘေးမကင်းပေ
သွေးချင်းတွေတွက် အခြေပျက်လိမ့်။

➡ မိသားစုတွင်း၊ အချင်းချင်းမို့
ရင်းနှီးချစ်ကြည်၊ မျှော်ရည်ရွေ့ရေး
မဆွေးနွေးဘဲ၊ အဝေးကိုမျှော်
ထွေးတော်ကိုတမ်း၊ ရော်ရည်လွမ်းက
နွမ်းလျကြေပျက် လမ်းသွေခက်လိမ့်။

➡ ချစ်ကြည်မှုကင်း၊ ညီညွတ်ခြင်းမဲ့
ကွေကွင်းခဲ့က၊ အတ္တရဲ့မာန်
အခြွေရံကင်း၊ ရွှေမှန်ကင်းစစ်
ထင်းဖြစ်ခဲ့ဖူး၊ အတိတ်ရူးလို
စိတ်ကူးမှာပင် ငိုရှိုက်ချင်၏။

➡ အိမ်ကြက်ချင်းခွပ်၊ အတင်းသွတ်ကြ
စစ်နွံဝလှောင်၊ နယ်ချဲ့ထောင်ချောက်
တစ်ခါမှောက်ဖူး၊ ရောက်ခဲ့ဖူးမို့
အထူးနောက်ခါ၊ မှောင်ကမ္ဘာရောင်
အလင်းရောင်သာ ဆောင်ကြပါ။

➡ ပြည်ရွာအကျိုး၊ တူသယ်ပိုးရင်း
"ပြည်တွင်းအင်အား၊ ပြည်သူ့အား" သာ
သေချာမူလ၊ ပဓာနမို့
ညီကြမှလုံ၊ ပြည့်စုံခိုင်မြဲ
အောင်ပွဲပန်ဆင် ထာဝစဉ်။
ရန်စွယ်ရန်ငုတ် ရှင်းသုတ်သင်။
တို့ညီညွတ်မှ ဖြစ်မည်ပင်။ ။

အကျော်ပင်

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

မြစ်သား ဩဂုတ် ၂၉

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၌ ဩဂုတ်လ ၂၈ ရက် နံနက်ပိုင်းတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြပွဲကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးအောင်မင်းကျော်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် ဆောင်ရန်ရှောင်ရန်များနှင့် မီးလောင်မှုဖြစ်ပွားပါက ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်မှုများကို သရုပ်ပြသကြသည်။

မြစ်သားမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် လျှပ်စစ်သုံးစွဲကြသော စက်ရုံ၊ အလုပ်ရုံများ၊ ရုံးဌာနများ၊ စာသင်ကျောင်းများနှင့် ပြည်သူများ၏ နေအိမ်အဆောက်အအုံများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဈေးများသို့လည်းတာဝန်ရှိသူများနှင့်အတူ အရှိန်အဟုန်မြှင့် လိုက်လံစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဓနုဖြူမြို့နယ်မှထွက်ရှိသော မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းမွန်နေ



ဓနုဖြူ သြဂုတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှထွက်ရှိသော မုန်လာဥဖြူများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ်မှ ဟင်းသီးဟင်းရွက်မျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ခင်ဝင်း၏ပြောကြားချက်အရ သိရသည်။

လက်ရှိတွင် အဆိုပါဒေသမှထွက်ရှိသည့် မုန်လာဥဖြူများ တစ်ရက်လျှင် ပိသာချိန် ၅၀၀ မှ ၁၂၀၀ အထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

''လက်ရှိ ဓနုဖြူမြို့နယ်ကနေ မုန်လာဥဖြူတွေထွက်ရှိနေပါတယ်။ ထွက်ရှိလာတဲ့ မုန်လာဥဖြူတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ ဒေသထွက် မုန်လာဥဖြူတွေ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ ဩဂုတ်လပထမပတ်လောက်ကတည်းက စတင်အရောင်းအဝယ်ကောင်းနေတာဖြစ်ပါတယ်။ ဒေသထွက် မုန်လာဥဖြူတွေအပါအဝင် ကုန်စိမ်းမျိုးစုံကို တခြားဒေသတွေက ဝယ်လိုအားကောင်းနေပါတယ်။ ဒေသထွက်ကုန်တွေပဲ အရောင်းအဝယ်လုပ်ရတော့ သယ်ယူရတဲ့ကိစ္စတွေအပါအဝင် အစစအရာရာ အဆင်ပြေပါတယ်'' ဟု ဒေါ်ခင်ဝင်းက ပြောသည်။

မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းမွန်နေသည့်အတွက် ကုန်စိမ်းရောင်းချသူများ၊ စိုက်ပျိုးသူများနှင့် လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းကောင်းမွန်လျက်ရှိကြောင်း သိရသည်။

သုတကျော်

ပွင့်ဖြူမြို့နယ်၌ ကျေးလက်နေပြည်သူများ လူနေမှုဘဝမြင့်မားတိုးတက်စေရန် VDP ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



ပွင့်ဖြူ သြဂုတ် ၂၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ လူနေမှုဘဝ မြင့်မားတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် စီမံကိန်းလုပ်ငန်းများအတွက် လိုအပ်သည့်နည်းပညာများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်တွင် ပွင့်ဖြူမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခြင်းဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် စီမံကိန်းလုပ်ငန်း၏ရည်ရွယ်ချက်ဖြစ်သည့် ကျေးရွာနေပြည်သူများ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မြင့်မားရေး၊ အဖွဲ့အစည်းများကြား ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရေး၊ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်စေရေး၊ စီမံခန့်ခွဲမှုနည်းစနစ်များ ကျွမ်းကျင်တတ်မြောက်စေရေး စသည့်စီမံကိန်းပါသတ်မှတ်စံနှုန်းများအတိုင်း ကျေးရွာနေပြည်သူများကို ဦးဆောင်စေပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် စီမံကိန်းလုပ်ငန်းများအတွက် လိုအပ်သည့်နည်းပညာများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်တွင် ပွင့်ဖြူမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကျေးရွာများမှာ ပွင့်ဖြူမြို့နယ်မင်းတဲကုန်းကျေးရွာ၊ ကလန်ကျေးရွာ၊ ဒေးဒရဲကျေးရွာ၊ ရွာသာညွန့်ကျေးရွာ၊ ကမ်းဗြူကျေးရွာ၊ ဖိုးပေါက်စုကျေးရွာ၊ ရွာသစ်ကလေးကျေးရွာ၊ သမုန်းကုန်းကျေးရွာ၊ ကံလှကျေးရွာ၊ ရွှေလှေစုကျေးရွာ၊ သက်သာပန်းတောင်းကျေးရွာနှင့် သူဌေးကုန်းကျေးရွာတို့ ဖြစ်ကြောင်း၊ ကျေးရွာတစ်ရွာလျှင် VDP ရန်ပုံငွေငွေကျပ် သိန်း ၁၅၀ စီ ပံ့ပိုးပေးအပ်ကာ ကျေးရွာနေပြည်သူများ၏ ထည့်ဝင်ငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းငါးခု၊ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းခုနစ်ခုနှင့် ရေသန့်စင်စနစ်ဆောင်ရွက်ခြင်း လုပ်ငန်းနှစ်ခုတို့ကို ယခုနှစ် သြဂုတ်လ ဒုတိယပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

တောင်ကြီးမြို့နယ် ပန့်ပုန်းခေတ်မီစံပြကျေးရွာ၌ ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေး

တောင်ကြီး သြဂုတ် ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တောင်ကြီးမြို့နယ် ပန့်ပုန်းခေတ်မီစံပြကျေးရွာ၌ ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် သြဂုတ်လ ၂၉ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးခွန်ဇော်မျိုးထွန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာမှတာဝန်ရှိသူများနှင့်အတူ ပန့်ပုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်လမ်းများအဖြစ်ဆောင်ရွက်ရန် လျာထားသည့်အခြေအနေများကို ကွင်းဆင်းစစ်ဆေး၍ လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးခွန်ဇော်မျိုးထွန်းက ကျေးရွာရှိ ခေတ်မီစံပြကျေးရွာထူထောင်ခြင်းလုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်တွေ့ဆုံကာ ကွန်ကရစ်လမ်းများအဖြစ်ခင်းကျင်းမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမှတာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပန့်ပုန်းကျေးရွာ၌ အရည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ ထု ၇ လက်မနှင့် အရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ ထု ၇ လက်မရှိ ကွန်ကရစ်လမ်းနှစ်လမ်းကို ယခုဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်းခွင့်ပြုငွေ ငွေကျပ် ၃၇၇ သိန်း အကုန်အကျခံကာ တောင်ကြီးခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ချိုသန်းညွှန့် (ကျေးလက်)

တံတားဦးမြို့နယ်၌ စားဖိုဆောင်ဟင်းသီးဟင်းရွက်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

တံတားဦး သြဂုတ် ၂၉

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ်ရှိ တောင်သူများသည် ဒေသတွင်း ဝမ်းစာဖူလုံရေး၊ စားသုံးဆီဖူလုံရေးအတွက် အဓိကထားဆောင်ရွက်လျက်ရှိပြီး စားဖိုဆောင်ဟင်းသီးဟင်းရွက်မျိုးစုံကိုလည်း စိုက်ပျိုးကြရာ ယခုအခါ စားဖိုဆောင်ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

တံတားဦးမြို့နယ်၌ စားဖိုဆောင်ဟင်းသီးဟင်းရွက်များကို မိမိတို့နေအိမ်ခြံဝင်းနေရာများ၌လည်းကောင်း၊ ယာခင်းများ၌လည်းကောင်း မိုးဦးစတင်ရွာသွန်းသည်နှင့် တစ်ပြိုင်တည်း အသီးသီးစိုက်ပျိုးကြပြီး သဘာဝအော်ဂဲနစ်သီးနှံများဖြစ်သည့် ရွှေဖရုံ၊ ခဝဲ၊ ချဉ်ပေါင်၊ သခွားနှင့် ရုံးပတီ စသည်တို့ကို စိုက်ပျိုးကြကြောင်း၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးချိန်တွင် အောင်မြင်ဖြစ်ထွန်းစေရေးအတွက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာများ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တံတားဦးမြို့နယ်အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ နှစ်ရှည်ပင်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြပြီး ယခုအခါ တောင်သူများစိုက်ပျိုးထားသည့်ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ လက်ရှိတွင် ဟင်းသီးဟင်းရွက်မျိုးစုံ ၈၃၅ ဧကာ စိုက်ပျိုးထားကြောင်း သိရသည်။**ရဲတင့်(ပြန်/ဆက်)**

အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းဖြင့်ဆောင်ရွက်မည့် သစ်အခြေခံပရိဘောဂသင်တန်းဖွင့်ပွဲကျင်းပ



နေပြည်တော် ဩဂုတ် ၂၉

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းဖြင့်ဆောင်ရွက်မည့် သစ်အခြေခံပရိဘောဂသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် ကြက်သွန်ခင်းကျေးရွာ၌ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ရပ်မိရပ်ဖများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို သင်တန်းသား ၁၆ ဦးဖြင့် တစ်လကြာ ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်သည်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ပြီး အမှန်တကယ် လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသားငါးဦးကို သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျေးရွာသုံးရွာ၊ အိမ်ခြေ ၉၈၈ အိမ်၊ လူဦးရေ ၄၀၀၀ ကျော်ကို အကျိုးပြုပေးနိုင်မည့် သဲကောလေး-ဝဲကြီးကျေးရွာချင်းဆက်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်ရေးတင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် လယ်ဝေးမြို့နယ် မြေရိုးကျောင်းစုကျေးရွာအုပ်စု ရုံးတောကျေးရွာသို့ရောက်ရှိပြီး ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းပိုင်စိုက်ပျိုးမြေများပေါ်တွင် ရွှေဝါထွန်း(၂)စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းနှင့် Myanmar Uni-Semi ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်၍ မိုးကြိုဝါနှင့် အခြားသီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးသီးနှံများ ရိတ်သိမ်းပြီးပါက အကျိုးအမြတ်ရရှိမှုများကို အသင်းသားတောင်သူများအား ခွဲဝေဆောင်ရွက်ပေးသွားရန် မှာကြားသည်။

ထို့နောက် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပျဉ်းမနားမြို့နယ် ဇောင်ချမ်းကုန်းကျေးရွာသို့သွားရောက်ကာ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ကျေးရွာနေပြည်သူများ၏ တင်ပြချက်များကိုပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၅၀၀)

အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီ(၂/၂၀၂၄) ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂၉

အမျိုးသားရေဥပဒေ တတိယမူကြမ်းကို ဆွေးနွေးတည်းဖြတ်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးရန် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီ၏ (၂/၂၀၂၄) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂၉) အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း တက်ရောက်သည်။

အစည်းအဝေးသို့ ရေနှင့်ဆက်နွယ်သည့် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနများနှင့် စည်ပင်သာယာရေးကော်မတီများမှ အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီဝင်များနှင့် ဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ယနေ့ အစည်းအဝေးတွင် အမျိုးသားရေဥပဒေ တတိယမူကြမ်းကို အချောသတ်ပြုစုပြီးပါက မိမိတို့နိုင်ငံနှင့် အကောင်းဆုံး၊ အသင့်လျော်ဆုံးဖြစ်မည့် ရေဥပဒေတစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် လုပ်ငန်းစဉ်များ အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ရေကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လိုအပ်ချက်တစ်ခုဖြစ်သည့် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် ကြက်သွန်ခင်းကျေးရွာ၌ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ရပ်မိရပ်ဖများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို သင်တန်းသား ၁၆ ဦးဖြင့် တစ်လကြာ ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်သည်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ပြီး အမှန်တကယ် လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသားငါးဦးကို သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျေးရွာသုံးရွာ၊ အိမ်ခြေ ၉၈၈ အိမ်၊ လူဦးရေ ၄၀၀၀ ကျော်ကို အကျိုးပြုပေးနိုင်မည့် သဲကောလေး-ဝဲကြီးကျေးရွာချင်းဆက်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်ရေးတင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် လယ်ဝေးမြို့နယ် မြေရိုးကျောင်းစုကျေးရွာအုပ်စု ရုံးတောကျေးရွာသို့ရောက်ရှိပြီး ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းပိုင်စိုက်ပျိုးမြေများပေါ်တွင် ရွှေဝါထွန်း(၂)စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းနှင့် Myanmar Uni-Semi ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်၍ မိုးကြိုဝါနှင့် အခြားသီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးသီးနှံများ ရိတ်သိမ်းပြီးပါက အကျိုးအမြတ်ရရှိမှုများကို အသင်းသားတောင်သူများအား ခွဲဝေဆောင်ရွက်ပေးသွားရန် မှာကြားသည်။

ထို့နောက် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပျဉ်းမနားမြို့နယ် ဇောင်ချမ်းကုန်းကျေးရွာသို့သွားရောက်ကာ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ကျေးရွာနေပြည်သူများ၏ တင်ပြချက်များကိုပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၅၀၀)



အမျိုးသားရေဥပဒေတစ်ရပ် ပေါ်ပေါက်ရန် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီဝင်များအနေဖြင့် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး (၁) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်က အမျိုးသားရေဥပဒေရေးဆွဲရေးဆောင်ရွက်ထားရှိမှုများ၊ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ထားရှိမှုများနှင့် ရှေ့လုပ်ငန်းစဉ်လျာထားချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာသည့် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီဝင်များနှင့် ဆက်စပ်အဖွဲ့အစည်းများမှ အစည်းအဝေးတက်ရောက်သူများက အမျိုးသားရေဥပဒေ တတိယမူကြမ်းအပေါ် ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(၅၀၀)

ဇလွန်နှင့်လေးမျက်နှာမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးမြင့်စိုး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းတွင်ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်နှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့သို့သွားရောက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ နေကြာစိုက်တောင်သူများနှင့်တွေ့ဆုံသည်။

ဦးစွာ သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူးက ယခုနှစ်စိုက်ပျိုးရာသီ၌ တိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံနေကြာ စိုက်ပျိုးမည့် အခြေအနေများကိုရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လာမည့်စိုက်ပျိုးရာသီ အမိ ရေဆင်းမျိုး-၂ နေကြာမျိုးများ၊ သွင်းအားစုဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ အချိုးနှိမ်ကူညီပံ့ပိုးပေးနိုင်ရေး တာဝန်ရှိသူများကိုမှာကြားပြီး ဒေသခံတောင်သူများ၏တင်ပြချက်များ အပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း သမဝါယမဦးစီးဌာနနှင့် စိုက်ပျိုးရေးသမဝါယမအသင်းများက ဆီထွက်သီးနှံနေကြာ ဧကစုစုပေါင်း ၃၅၀၀၀ စိုက်ပျိုးမည်ဖြစ်၍ ဇလွန်မြို့နယ်အနေဖြင့်လည်း သမဝါယမအသင်းအချင်းချင်းပံ့ပိုးဖွေဖြင့် ပါဝင်စိုက်ပျိုးသွားမည်ဖြစ်ပြီး ထွက်ရှိလာသော နေကြာသီးနှံများကို သမဝါယမအသင်းများ၏ အစီအစဉ်ဖြင့် ဆီကြိတ်၍ ဒေသဝန်းစာဖူလုံရေးအတွက် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် လေးမျက်နှာမြို့သို့ သွားရောက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ခန်းမ၌ မြို့နယ်မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံသည်။ထို့နောက် လေးမျက်နှာမြို့နယ် ခတ္တူကျေးရွာသို့ သွားရောက်ပြီး သက္ကရာဇ် ၄၂၀ ပြည့်နှစ်က ပုဂံပြည့်ရှင် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော သမိုင်းဝင် စတုမုခ ထူပါရုံစေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုကာ ဝဝန်မြစ်ရေတိုက်စားမှုကြောင့် စေတီတော်မြတ်ကြီး ကမ်းပြိုရေခမှုမဖြစ်ပေါ်စေရေး ကမ်းထိန်းလုပ်ငန်းအခြေအနေများကို ကြည့်ရှုသည်။

အဆိုပါမြစ်ကမ်းထိန်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် မြစ်ကြမ်းပြင်ကာကွယ်ထိန်းသိမ်းခြင်းအတွက် ကျောက်စီရေကာတာ ဆောင်ရွက်ခြင်း၊ စေတီတော် ရင်ပြင်ခွဲခြင်း၊ Bored Pile အခြေပြုသံကူကွန်ကရစ်နံရံ ပြုလုပ်ခြင်းလုပ်ငန်းများကို တာဝန်ရှိသူ အဆင့်ဆင့်က စနစ်တကျ ကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ယင်းနောက် လေးမျက်နှာမြို့နယ်ခတ္တူ-ခုံကြီးလမ်းပေါ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသော ပေ ၂၂၀ သံကူကွန်ကရစ်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို လည်းကောင်း၊ ပန်းတောကြီးကျေးရွာရှိ မော်တော်ဆိုင်ကယ် ပြုပြင်နည်းသင်တန်းတက်ရောက်အောင်မြင်ပြီး ဆိုင်ကယ်ပြင်လုပ်ငန်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော ဦးအောင်ပိုင်စိုး၏ ကိုညီဆိုင်ကယ်ပြင်ဆိုင်ကို လည်းကောင်း၊ လုပ်ငန်းရှင် ဦးကျော်ဝင်းနိုင် ဆောင်ရွက်နေသော သိမ်းငှက်သဘာဝမြေဩဇာထုတ်လုပ်ရေးလုပ်ငန်းကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ရေကြည်မြို့နယ် ပန်းကုကွင်းကျေးရွာအုပ်စု သီတာချောင်းကူးတံတား တည်ဆောက်ပေးနိုင်ရေးအတွက် ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရေကြည်မြို့နယ် သီတာကုန်းပြင်သို့ သွားရောက်၍ သမိုင်းဝင်မြသိန်းတန် စေတီတော်မြတ်ကြီးအား ဖူးမြော်ဝတ်ကန်တော့ကာ (၁၅၄) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ်အဖြစ် ကျင်းပသော ရပ်သာကြီးကျေးရွာနှင့် ကံကုန်းကျေးရွာတို့၏ ဘောလုံးပြိုင်ပွဲကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(၅၀၀)



စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ဖို့ မြေဆီလွှာထိန်းသိမ်းစို့

သစ်တောမောင်

မြေဆီလွှာ (Soil)

အပင်များ ရှင်သန်ကြီးထွားဖြစ်ထွန်းအောင်မြင်ရန် အဓိကအားဖြင့် **"မျိုး၊ မြေ၊ ရေ၊ နည်း"** ပြည့်စုံကောင်းမွန်ရန် လိုအပ်ပါသည်။ အဆိုပါလေးမျိုးအနက် မြေဆီလွှာ (Soil)သည် အပင်များ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အထောက်အကူပြုသော အပေါ်ယံမြေလွှာဖြစ်ပါသည်။ တစ်နည်းအားဖြင့် မြေဆီလွှာဆိုသည်မှာ ကြေကွဲပျက်စီးနေသော သတ္တုများ (Minerals)၊ ဆွေးမြည့်နေသည့် အော်ဂဲနစ်ပစ္စည်းများ၊ အလွှာအမျိုးမျိုးပါသော သဘာဝမြေသားကို ဆိုလိုပါသည်။ ပြိုကွဲကျေျပျက်ပြီးသော တွင်းထွက်သတ္တုများနှင့် ဆွေးမြည့်သက်ရှိပစ္စည်းများ ရောနှောပါဝင်ဖွဲ့စည်းထားသော အရင်းအမြစ်လည်းဖြစ်သည်။ မြေဆီလွှာသည် အစားထိုးမရသော သဘာဝသယံဇာတဖြစ်ပြီး အပင်များကြီးထွားရန်အတွက် အထောက်အကူပြုသည့် ကမ္ဘာ့အပေါ်ယံရှိ အလွှာပါးဖြစ်ပါသည်။ မြေဆီလွှာသည် လူသားတို့အတွက် အစားအစာ၊ ဆေးဝါး၊ အဝတ်အထည်နှင့် နေထိုင်စရာတို့ကို ထောက်ပံ့ပေးနေသည့် သဘာဝသယံဇာတဖြစ်ပါသည်။

မြေဆီလွှာတွင် အာဟာရဓာတ်များရှိရန်လိုအပ်သကဲ့သို့ ကောင်းမွန်သော ရုပ်ပိုင်းဆိုင်ရာ ဖွဲ့စည်းမှုရှိရန်လည်း လိုအပ်ပါသည်။ အကျိုးပြုအဏုဇီဝသက်ရှိများ ကျန်းမာစွာရှိနေနိုင်ရန် မြေသားအတွင်းတွင် ရေနှင့်အောက်ဆီဂျင်စိမ့်ဝင်နေနိုင်ရန်အတွက် နေရာအလုံအလောက် ရှိရန်လည်းလိုအပ်ပါသည်။ မြေဆီလွှာကို ယေဘုယျအားဖြင့် **ရွှံ့စေး၊ သဲမြေနှင့် နုန်းမြေ** ဟူသည့် မြေမှုန်အမျိုးအစားသုံး မျိုးဖြင့် ဖွဲ့စည်းတည်ဆောက် ထားပါသည်။ **ရွှံ့စေးမြေ**သည် အလွန်သေးငယ်သော မြေသားအမှုန်အမွှားများ အတူစုပေါင်းပြီး ကြီးမားသောမြေသားအနေဖြင့် ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ ရွှံ့စေးမြေသည် မြေဆီကြွယ်ဝသော်လည်း ၎င်းမြေသား၏လျင်မြန်စွာသိပ်သည်းမှုကြောင့် စိုက်ပျိုးရန် မြေပြုပြင်သည့်အခါ ခက်ခဲမှုရှိနိုင်ပါသည်။ **သဲမြေ**သည် ဖွာသည့် အနေအထားရှိပြီး စိုက်ပျိုးခြင်းအတွက် မြေပြုပြင်ရာတွင် အလွယ်တကူဆောင်ရွက်နိုင်သော်လည်း လျင်မြန်စွာခြောက်သွေ့ပြီး အာဟာရဓာတ်များပါဝင်မှုနည်းပါးပြီး လျင်မြန်စွာ ပျောက်ကွယ်ဆုံးရှုံးသွားလေ့ရှိပါသည်။ **နုန်းမြေ**သည် သီးနှံစိုက်ပျိုးရန်အတွက် အကောင်းဆုံးမြေအမျိုးအစားဖြစ်ပါသည်။ ၎င်းမြေမှာ အော်ဂဲနစ်ပစ္စည်းများ ကြွယ်ဝစွာပါဝင်ပြီး ရေကိုလည်း ကောင်းစွာထိန်းထားနိုင်သည့် ဂုဏ်သတ္တိတွေရှိသဖြင့် သစ်ပင်များအောင်မြင်ဖြစ်ထွန်းရန်အလွန် အရေးပါပါသည်။

မြေဆီလွှာပျက်စီးရခြင်း အကြောင်းရင်းများ

မြေဆီလွှာအပေါ်ယံမြေ ၁ လက်မဖြစ်ပေါ်ရန် နှစ် ၅၀၀ မှ ၁၀၀၀ ထိ ကြာနိုင်သော်လည်း မိနစ်ပိုင်း၊ အချိန်ပိုင်းအတွင်း



ပျက်စီးဆုံးရှုံးနိုင်ပါသည်။ မြေဆီလွှာပျက်စီးဆုံးရှုံးရခြင်း အကြောင်းရင်းအမျိုးမျိုးရှိပါသည်။ အဓိကအကြောင်းရင်းများမှာ သစ်တောများပြုန်းတီးခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ အလွန်အကျွံစားကျက်လွတ်ကျောင်းခြင်း၊ ရွှေ့ပြောင်းတောင်ယာများ ခွဲထွင်ခြင်း၊ ရွှေ၊ ကျောက်မီးသွေးနှင့် ဓာတ် သတ္တုအမျိုးမျိုးတူးဖော်ထုတ်လုပ်ခြင်း၊ သစ်တောမြေမှ အခြားမြေအသုံးချမှုသို့ ပြောင်းလဲခြင်း၊ စိုက်ပျိုးနည်းစနစ်များ မမှန်ကန်ခြင်း၊ ရေနှင့်လေတိုက်စားခြင်း၊ ဆား/ဆပ်ပြာပေါက်ခြင်း၊ မြေချဉ်ခြင်း၊ အာဟာရဓာတ်များယုတ်လျော့လာခြင်း၊ မြေဆီလွှာညစ်ညမ်းခြင်း စသည့်အကြောင်းရင်းများဖြစ်သည်။

မြေဆီလွှာပျက်စီးခြင်း၏ လက္ခဏာများမှာများပြားပြီး အထူးသဖြင့် မြေဆီဩဇာကျဆင်းခြင်း၊ အချဉ်ဓာတ်ဖြစ်ထွန်းခြင်း၊ ဆားရည်ထွက်ခြင်း၊ အယ်လ်ကာလီဆန်ခြင်း၊ မြေဆီလွှာတည်ဆောက်မှုယိုယွင်းခြင်း၊ လေနှင့်ရေတိုက်စားခြင်း၊ အော်ဂဲနစ်ပစ္စည်းများဆုံးရှုံးခြင်းနှင့် မြေဆီလွှာအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းဆုံးရှုံးခြင်း စသည်တို့ပါဝင်သည်။ မြေဆီလွှာပျက်စီးခြင်းများကို အောက်ဖော်ပြပါအတိုင်း ခွဲခြားလေ့လာနိုင်ပါသည်-

(က) ရုပ်ဂုဏ်သတ္တိများပျက်စီးခြင်း

မြေဆီလွှာအား ရေနှင့်လေတိုက်စားခြင်းကြောင့် မြေစိုင်မြေခဲများကြေမွပျက်စီးကာ လေပေါက်ရေပေါက်များကို ပိတ်ဆို့ပြီး ရေစိမ့်ဝင်မှုလျော့နည်းခြင်း၊ ခြောက်သွေ့သည့်အခါတွင်လည်း မြေမှုန့်များဖွဲ့စည်းမှုအားနည်းခြင်းကြောင့် မြေသားဖွဲ့စည်းတည်ဆောက်မှုကိုပျက်စီးစေပါသည်။ ကျပ်သိပ်နေသောမြေများသည် ကျစ်လျစ်သိပ်သည်းပြီး မြေဆီလွှာထဲတွင်ရှိသည့် အပေါက်ငယ်လေးများ၏ ပမာဏကို လျော့နည်းစေကာ ၎င်းအတွင်း တွင်ရှိနေသော ရေ၊ လေနှင့်အဏုဇီဝသက်ရှိများကို ကန့်သတ်ထိန်းချုပ်မှုဖြစ်စေပါသည်။ အကြီးစားလယ်ယာသုံးစက်ကိရိယာများအသုံးပြုခြင်း၊ ထွန်ယက်စိုက်ပျိုးမှုစနစ်မမှန်ကန်ခြင်းတို့ကြောင့် မြေကျပ်ခြင်းကိုဖြစ်ပေါ်စေပြီး အပင်များကြီးထွားရှင်သန်မှုကို ထိခိုက်စေပါသည်။

ရေတိုက်စားခြင်းကြောင့် မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိများပျက်စီးစေနိုင်ပါသည်။ ရေတိုက်စားမှုကြောင့် အပေါ်ယံ မြေဆီလွှာများ ရေနှင့်အတူ တိုက်စားသယ်ဆောင်ခြင်းခံရပြီး မြေဆီမြေနှစ်များဆုံးရှုံးကာ အောက်ခံကျောက်သားထိ ပေါ်လာပြီး သစ်ပင်များ စိုက်ပျိုးရှင်သန်နိုင်ရန် အလွန်ခက်ခဲစေပါသည်။ ရေတိုက်စားခြင်းကို အမျိုးအစားခွဲခြားလေ့လာပါက Sheet Erosion (အလွှာလိုက်တိုက်စားခြင်း)၊ Rill Erosion (မြောင်းငယ်အဆင့် တိုက်စားခြင်း)၊ Gully Erosion (လျှို့မြောင်အဆင့် တိုက်စားခြင်း)၊ Micro-pedestal/Macro-pedestal (မြေလုံး၊ မြေခဲများဖြစ်ပေါ်ခြင်း)၊ Piping (ပြွန်ပုံ၊ လိုဏ်ခေါင်းပုံတိုက်စားခြင်း)၊ Land Slide (ဒေါင်လိုက် မြေပြိုကျခြင်း) ဟူ၍ ခွဲခြားထားသည်ကို တွေ့ရပါသည်။

အလားတူလေတိုက်စားခြင်း (Wind Erosion) သည်လည်း မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိများပျက်စီးစေနိုင်ပါသည်။ လေတိုက်ခတ်မှုကြောင့် မြေမှုန်များတစ်နေရာမှ တစ်နေရာသို့ ရွှေ့လျားခြင်းကို လေတိုက်စားခြင်းဟုခေါ်ဆိုခြင်းဖြစ်သည်။ ပူပြင်းခြောက်သွေ့သည့် လေပူများနှင့်လေနှင့် အတူပါလာသည့်သဲများ ပွတ်တိုက်ခြင်းကြောင့် အပင်များနှင့်သီးနှံပင်များကြီးထွားဖွံ့ဖြိုးမှုကိုလည်း ထိခိုက်စေပါသည်။ လေတိုက်ခတ်မှုနှုန်းပေါ်မူတည်ပြီး အရွယ်အစားအမျိုးမျိုးရှိသောမြေသားကို အကွာအဝေးတစ်ခုသို့ သယ်ဆောင်သွားနိုင်ပါသည်။ ဥပမာ (၀.၀၅) မီလီမီတာ) အရွယ်အစားရှိ မြေစေးနုန်းနှင့် မြေဆွေးဓာတ်များကို အလွန်ဝေးကွာသည့်နေရာသို့ သယ်ဆောင်တိုက်စားခြင်း **(Suspension)**၊ (၀.၀၅ - ၀.၅ မီလီမီတာ) ခန့် အရွယ်အစားရှိသည့်သဲများကို သယ်ဆောင်တိုက်စားခြင်း **(Saltation)**၊ (>၀.၅ - ၂ မီလီမီတာ) အရွယ်အစားကြီးသည့် ကျောက်ခဲနှင့် ပစ္စည်းများကို သယ်ဆောင်တိုက်စားခြင်း (Creep) များကိုတွေ့နိုင်ပါသည်။

(ခ) ဓာတ်ဂုဏ်သတ္တိများပျက်စီးခြင်း

အချို့သောမြေသည် မြေချဉ်/ငန်ဓာတ် အလွန်ပြင်းထန်သော အခြေအနေများရှိပါသည်။ ဆိုးဆိုးရွားရွားမြေချဉ်ခြင်း၊ ငန်ခြင်းဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါမြေများတွင် အဏုဇီဝသက်ရှိလေးများ၏ လုပ်ဆောင်ချက်များကို ထိခိုက်ပျက်စီးစေပြီး ရေရှည်တွင် မြေဆီလွှာ၏ကျန်းမာရေးကို ထိခိုက်နိုင်ပြီး အပင်များရှင်သန်ကြီးထွားနိုင်မှုအပေါ်တွင် သက်ရောက်မှုများဖြစ်စေပါသည်။

မြေချဉ်ခြင်းဖြစ်စဉ်တွင် အဓိကအားဖြင့် အင်နဓာတ်များ ရေနှင့်အတူ စိမ့်ဝင်ပျောက်ဆုံးပြီး မြေမှုန်များတွင် ဟိုက်ဒရိုဂျင်နှင့်အလူမီနီယမ်အိုင်းယွန်းများ အစားထိုးဝင်ရောက်လာခြင်း၊ အချဉ်ဓာတ်ဖြစ်စေသောအမိုးနီးယားအခြေခံ (ယူရီးယား ဆာဖာ) ဓာတ်မြေဩဇာများသုံးစွဲခြင်း၊ အင်နဓာတ်များ ရေနှင့်အတူ စိမ့်ဝင်ပျောက်ဆုံးပြီး မြေမှုန်များတွင် ဟိုက်ဒရိုဂျင်နှင့်အလူမီနီယမ်အိုင်းယွန်းများ အစားထိုးဝင်ရောက်လာခြင်း၊ အချဉ်ဓာတ်ဖြစ်စေသောအမိုးနီးယားအခြေခံ (ယူရီးယားဆာဖာ) ဓာတ်မြေဩဇာများသုံးစွဲခြင်း၊ အင်နဓာတ်များ ရေနှင့်အတူ စိမ့်ဝင်ပျောက်ဆုံးပြီး မြေမှုန်များတွင် ဟိုက်ဒရိုဂျင်နှင့်အလူမီနီယမ်အိုင်းယွန်းများ အစားထိုးဝင်ရောက်လာခြင်း၊ စိုက်ပျိုးသီးနှံပင်အကြွင်းအကျန်များ ဆွေးမြည့်သည့်ဖြစ်စဉ်မှ ဟိုက်ဒရိုအိုင်းယွန်းများ ထွက်ရှိခြင်း၊ ရေဝပ်သောဒီရေတောများတွင် Acid Sulphate Soil များ ဖြစ်ပေါ်ခြင်းတို့ကြောင့် မြေချဉ်များဖြစ်ပေါ်စေပါသည်။ အဆိုပါမြေအချဉ်ဓာတ်ရှိသည့် မြေများတွင် Calcium Dolomatic Lime Stone (ကယ်လ်စီယမ်ဓိုလိုမိုက် ခေါ် ထုံးကျောက်မှုန့်) မဖောက်ထုံးအားထည့်ပေးခြင်းဖြင့်မြေအချဉ်ဓာတ်ကို လျော့ကျစေနိုင်ပါသည်။

အက်စစ်ဖြစ်ပေါ်မှုကြောင့် သံဓာတ်၊ အလူမီနီယမ်ဓာတ်နှင့်သိပ်သည်းဆမြင့်မားသည့်သတ္တုဓာတ်များ၏အဆိပ်အတောက်ဖြစ်စေမှုကိုတိုးပွားစေပါသည်။ အလွန်အကျွံချဉ်ခြင်း၊ ဆားပေါက်ခြင်း၊ အလူမီနီယမ်နှင့်သံဓာတ်အဆိပ်သင့်ခြင်း၊ အပင်ကြီးထွားရန် အဓိကလိုအပ်သော အာဟာရဓာတ်များ အလွန်နည်းပါးခြင်းနှင့်ဆာလဖိတ်အဆိပ်သင့်ခြင်းတို့ကြောင့် မြေချဉ်များဖြစ်ပေါ်စေပြီး ထုတ်လုပ်မှုစွမ်းအားညံ့ဖျင်းသောမြေများအဖြစ် ဖြစ်ပေါ်စေပါသည်။

ဆားပေါက်ခြင်း/ဆပ်ပြာပေါက်ခြင်းကြောင့်လည်း မြေဆီလွှာပျက်စီးနိုင်ပါသည်။ ဆားပေါက်ခြင်းဖြစ်စဉ်၌ မိခင်ကျောက်လွှာတွင် ဆိုဒီယမ်များခြင်း၊ မိုးရေချိန်နည်းပါးခြင်း၊ အပူချိန်မြင့်မားခြင်းတို့ကြောင့် မြေအောက်မှဆားများ မျက်နှာပြင်ပေါ်စုပုံလာပြီး ဆားပေါက်ခြင်း၊ ရေသွင်းနည်းစနစ်မမှန်ကန်ခြင်းကြောင့် မြေအောက်ရေမြင့်တက်ကာ အောက်မှဆားများ မျက်နှာပြင်သို့ရောက်လာခြင်း၊ သွင်းရေအရည်အသွေးညံ့ဖျင်းခြင်းနှင့်ပင်လယ်ရေငန်ဝင်ရောက်ခြင်းကြောင့် ဆား/ဆပ်ပြာပေါက်မြေများဖြစ်ပေါ်စေပါသည်။ ဆားပေါက်မြေတွင်အပင်များဖြစ်ထွန်းအောင်မြင်ရန်ခက်ခဲပါသည်။

အာဟာရနှင့်ပတ်သက်၍လည်း အပင်များ ရှင်သန်ကြီးထွားအောင်မြင်ရန် အဓိက အာဟာရဓာတ် (၁၆) မျိုးရှိပါသည်။ Macro - nutrient နှင့် micro - nutrient ဟူ၍ အဓိကအုပ်စုနှစ်မျိုးခွဲခြားထားပါသည်။ Macro-nutrients တွင် ကာဗွန် (C)၊ အောက်ဆီဂျင် (O)၊ ဟိုက်ဒရိုဂျင် (H)၊ နိုက်ထရိုဂျင် (N)၊ ဖော့စဖရပ် (P)၊ ပိုတက်စီယမ် (K)၊ ကယ်လ်စီယမ် (Ca)၊ မဂ္ဂနီစီယမ် (Mg)၊ Sulphur (S)သည် မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်များဖြစ်ပြီး အပင်များဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပမာဏများစွာလိုအပ်ပါသည်။ အခြားတစ်ဖက်တွင်မူ Micro-nutrients တွင် သံဓာတ် (Fe)၊ ဇင့် (Zn)၊ မန်းဂနိစ် (Mn)၊ ဘိုရွန် (B)၊ ကော့ပါး (Cu)၊ မိုလစ်ဘဒင်နမ် (Mo) နှင့်ကလိုရင်း (Cl) တို့ ပါဝင်ပါသည်။ အဆိုပါ အာဟာရဓာတ်များသည် ပမာဏအနည်းငယ်သာလိုအပ်သော်လည်း ၎င်းတို့သည် အပင်ဖွံ့ဖြိုးမှုနှင့်ကြီးထွားမှုအတွက် အရေးပါလျက်ရှိပါသည်။ အာဟာရဓာတ်များမညီမျှခြင်း၊ အာဟာရလုံလောက်စွာမရသောကြောင့်လည်းအပင်များကြီးထွားရှင်သန်အောင်မြင်မှုနည်းပါးခြင်း အကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ အပင်များကြီးထွားဖွံ့ဖြိုးရန်အတွက် လိုအပ်သောအာဟာရဓာတ်များဖြည့်ဆည်းပေးရာတွင် မြေဆီလွှာအတွင်း ရှိရင်းစွဲအာဟာရပါဝင်မှုညီညွတ်မှုတရန်လိုပါသည်။ အပင်အမျိုးအစားအပေါ်တွင်လည်း မူတည်ပါသည်။

(ဂ) ဇီဝဂုဏ်သတ္တိများပျက်စီးခြင်း

မြေဆီလွှာ ဇီဝဂုဏ်သတ္တိများသည် မြေဆီလွှာတွင်တွေ့ရှိရသောသက်ရှိများကိုရည်ညွှန်းပြီး အဏုဇီဝပိုးမွှားများနှင့် macroplants များ၊ တိရစ္ဆာန်များပါဝင်သည်။ မြေဆီလွှာရှိ သက်ရှိများ၏ ကွဲပြားခြားနားမှုများ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ မြေဆီလွှာအစာကွန်ရက်ကို ဖွဲ့စည်းတည်ဆောက်ပုံများတွင် အသေးငယ်ဆုံးဆဲလ်တစ်ဆဲလ်ဗက်တီးရီးယား၊ ရေညှိ၊ မှိုနှင့် ပရိုတိုဇိုးများအရွယ်အစားအထိ၊ ပိုမိုရှုပ်ထွေးသော nematodes နှင့် micro-arthropods အထိ မြင်နိုင်သော မြေသန်ကောင်များ၊ အင်းဆက်များနှင့်ကျောရိုးရှိသတ္တဝါငယ်များအထိ ပါဝင်ပါသည်။ အချို့သော မြေဆီလွှာသတ္တဝါများသည် အပင်များတွင် ရောဂါဖြစ်စေနိုင်သော်လည်း မြေဆီလွှာတိရစ္ဆာန်များနှင့် သစ်ပင်ပန်းမန်အများစုသည် မြေဆီလွှာအရည်အသွေးအတွက် အရေးကြီးပါသည်။

စာမျက်နှာ ၁၃ သို့ ဝ



၀ စာမျက်နှာ ၁၂ မှအဆက်

မြေတိုက်စားခြင်း၊ သစ်တောသစ်ပင်များ ပြန်းတီးလာမှုကြောင့်မြေဆွေးဓာတ်များ လျော့နည်းလာခြင်း၊ သီးနှံအကြွင်းအကျန်များ မီးရှို့ခြင်း၊ စိုက်ပျိုးနည်းစနစ်များ မမှန်ကန်ခြင်း၊ မြေယာအသုံးချမှုပုံစံပြောင်းလဲခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ မြေဆီလွှာညစ်ညမ်းခြင်းတို့ကြောင့် မြေဆီလွှာတွင် Micro နှင့် Macro organism များ လျော့နည်းသွားပြီး အပင်များရှင်သန်ကြီးထွားမှုအပေါ် သက်ရောက်စေနိုင်ပါသည်။ စက်မှုလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေး/ပေါင်းသတ်ဆေးပစ္စည်းနှင့် မိလ္လာစွန့်ပစ်ရေများ စနစ်တကျ စွန့်ပစ်မှုမရှိခြင်းကြောင့်လည်း မြေဆီလွှာညစ်ညမ်းပြီး မြေဆီလွှာ၏ ဇီဝဂုဏ်သတ္တိ လျော့နည်းပျက်စီးစေနိုင်ပါသည်။

မြေဆီလွှာထိန်းသိမ်းခြင်း

မြေဆီလွှာအရည်အသွေးကျဆင်းခြင်း၊ မြေဆီလွှာပျက်စီးခြင်းကြောင့် ဆုံးရှုံးမှုကြီးမားစွာဖြစ်ပေါ်နိုင်ပါသည်။ မြေဆီလွှာ၊ ရေသယံဇာတနှင့် သစ်ပင်သစ်တောများသည် တစ်ခုနှင့်တစ်ခု ဆက်နွယ်နေသဖြင့် မြေ၊ ရေနှင့်သစ်ပင်သစ်တောများကိုဘက်စုံကဏ္ဍစုံနည်းလမ်းအမျိုးမျိုးဖြင့် ထိန်းသိမ်းကြရမည်ဖြစ်ပါသည်။ မြေဆီလွှာတိုက်စားဆုံးရှုံးမှုကို လျော့နည်းသက်သာစေရန်နှင့် ရေသယံဇာတများထိန်းသိမ်းရန် သစ်ပင်သစ်တောများစိုက်ပျိုးထိန်းသိမ်းခြင်းသည် အခြေခံအကျဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံး၊ ရိုးရှင်းလွယ်ကူဆုံး၊ လူတိုင်းလုပ်တိုင်းနေရာဒေသမရွေးဆောင်ရွက်နိုင်ဆုံးသော နည်းလမ်းတစ်ခုဖြစ်ပါသည်။

တစ်နည်းအားဖြင့် ရာသီဥတုပြောင်းလဲမှုလျော့ချရန်နှင့် လိုက်လျောညီထွေရှိစေရန်၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်ကိုအထောက်အကူပြုစေရန်၊ မြေဆီလွှာအာဟာရဓာတ်များ တိုးတက်ကောင်းမွန်စေရန်၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုမြင့်မားလာစေရန်၊ အပူပိုင်းမိုးခေါင်ရေရှားဒေသများတွင် မိုးရေအားစုဆောင်းရန်နှင့် ရေသယံဇာတများ ထိန်းသိမ်းနိုင်ရန် မြစ်၊ ချောင်း၊ ဆည်၊ ကန်၊ တာတမံများ၏ ရေဝေရေလဲဒေသများတွင် ရေဝေရေလဲ သဘာဝတောများထိန်းသိမ်းခြင်း၊ ရေဝေရေလဲစိုက်ခင်းများ၊ သစ်ပင်များစိုက်ပျိုးခြင်းသည် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်ပါသည်။ မြေဆီလွှာထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း နေရာဒေသအလိုက် သင့်လျော်ရာနည်းလမ်းများကို အသုံးပြုဆောင်ရွက်နိုင်ပါသည်။ မြေဆီလွှာထိန်းသိမ်းခြင်း လုပ်ငန်းများနည်းလမ်းများစွာရှိရာ ရုပ်ဝတ္ထုများအသုံးပြုထိန်းသိမ်းခြင်း (Physical Measures)၊ သက်ရှိများအသုံးပြုထိန်းသိမ်းခြင်း(Biological Measures)နှင့်စိုက်ပျိုးရေးနည်းစနစ်များဖြင့်ထိန်းသိမ်းခြင်း (Agronomic Measures) အဓိကအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

(က) ရုပ်ဝတ္ထုများအသုံးပြုထိန်းသိမ်းခြင်း (Physical Measures)

(၁) **ကွန်တိုကန်သင်းတည်ဆောက်ခြင်း**– ကုန်းစောင်းဒေသများတွင် မြေသားထူပါက မြေသားကန်သင်း၊ မြေသားပါးပါက ကျောက်စီကန်သင်း၊ ကွန်တိုအလိုက်ပြုလုပ်၍ မြေဆီလွှာထိန်းသိမ်းခြင်း၊ ရေစိမ့်မြောင်းနှင့်ရေလွှဲမြောင်းများ တူးဖော်ပေးခြင်း၊ နုန်းတားဆည်များ၊ တစ်ဖက်ရပ်ဆည်များ တည်ဆောက်ပေးခြင်း စသည်တို့ဖြစ်ပါသည်။

(၂) **နုန်းတားဆည်/ကန်သင်း တည်ဆောက်ခြင်း** – ရေဝေရေလဲဧရိယာများတွင်အမာခံကျောက်ဖြင့် ကန်သင်းပြုလုပ်၍ မြေဆီလွှာထိန်းသိမ်းခြင်းဖြစ်ပါသည်။

(၃) **ရေကျော်ကျောက်တန်း တည်ဆောက်ခြင်း** – လျှိုလက်တက်များတွင် ရေစီးနှုန်းနှေးသွားစေရန် ရေကျော်ကျောက်တန်းများ တည်ဆောက်ခြင်းဖြစ်ပါသည်။

(၄) **ရေစုကျင်း၊ ရေစုကန်များ တည်ဆောက်ခြင်း** – အပူပိုင်းဒေသ၊ မိုးရေချိန်လက်မနည်းပါးသော နေရာများတွင်မိုးရေကိုစုဆောင်းနိုင်သော ရေစုကန်များတူးဖော်ပြီး ဒေသခံပြည်သူများအတွက် သောက်လည်းကောင်း၊ တိရစ္ဆာန်များအတွက်သောက်လည်းကောင်း၊ သစ်ပင်သစ်တောများအတွက်လည်းကောင်း၊ သီးနှံများ ရေလိုအပ်ချိန်တွင် ဖြည့်စွက်ရေပေးသွင်းနိုင်ရန်အတွက်လည်းကောင်း ရည်ရွယ်တည်ဆောက်အသုံးပြုခြင်းဖြစ်သည်။

(၅) **စိုက်ကျင်းများဖြင့် သစ်ပင်စိုက်ပျိုးခြင်း**– အပူပိုင်းဒေသ တောင်စဉ်တောင်တန်းများ၊ လျှောစောက်မြင့်မားသော တောင်ကုန်း၊ တောင်စောင်းများတွင် Zigzag ပုံစံဖြင့် သစ်ပင်များစိုက်ပျိုးခြင်းနှင့် မိုးရေအများဆုံးစုဆောင်းဖမ်းထိန်းနိုင်ရန် ကွန်တိုအလိုက်မြောင်းရှည်များတူးခြင်း၊ ရေစုကျင်းငယ်များတူးဖော်၍ ရေထိန်းခြင်းဖြစ်သည်။

(ခ) သက်ရှိများ အသုံးပြုထိန်းသိမ်းခြင်း (Biological Measures)

(၁) **တောင်စောင်းစိုက်ပျိုးရေးစနစ်**– လျှောစောက် ၃ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအတွင်း တောင်စောင်းများတွင် ကွန်တိုလိုင်းအလိုက် အကန့်လိုက်သီးနှံများ စိုက်ပျိုးခြင်းဖြစ်သည်။

(၂) **ကွန်တိုလိုင်းအတိုင်းသီးနှံပင်များ၊ မြက်များကိုစိုက်ပျိုးခြင်း**– လျှောစောက် ၃-၅ ရာခိုင်နှုန်းရှိသည့် နေရာများတွင် နှစ်ရှည်ခံမြက်များ၊ နွားစာမြက်များ (နေဗီယာမြက်၊ Vetiver grass)စပါးလင်နှင့်နာနတ်ကဲ့သို့သီးနှံများ မြေဆီလွှာတိုက်စားခြင်းမှ ကာကွယ်ပေးရန် ကွန်တိုအလိုက် စိုက်ပျိုးခြင်းဖြစ်သည်။

(၃) **မြေဆီလွှာဖုံးပင်များစိုက်ပျိုးခြင်း**– မြေဆီလွှာအပေါ်မျက်နှာပြင်အား တိုက်စားခြင်းမှ ကာကွယ်ရန်၊ အစိုဓာတ်ထိန်းထားနိုင်ရန်၊ အာဟာရပြန်လည်ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပဲမျိုးရင်းဝင်အပင်များအား မြေဆီလွှာဖုံးပင်အဖြစ် စိုက်ပျိုးခြင်းဖြစ်ပါသည်။

(၄) **လေကာပင်များစိုက်ပျိုးခြင်း**– လေတိုက်စားခြင်းမှ ကာကွယ်ရန် စိုက်ခင်းနယ်နိမိတ်တစ်လျှောက်တွင် ဒေသအလိုက် သင့်တော်သည့်အပင်များ စိုက်ပျိုးခြင်းဖြစ်သည်။ ဥပမာ ပင်လယ်ကမ်းဘီး၊ အုန်း၊ ယူကလစ်၊ ထန်း၊ ဘောစကိုင်း၊ မဲဇလီ၊ မန်ကျည်း၊ တမာ၊ ဝါး၊ မိုးမခ၊ မြေပြန့်ချယ်ရီ၊ ပဲစင်းငုံ၊ နှံစားပြောင်း၊ သီဟိုဠ်၊ သရက်၊ ငှက်ပျော၊ နှစ်ရှည်သီးနှံပင် စသည်တို့ကို စိုက်ပျိုးခြင်းဖြစ်သည်။

(၅) **သစ်စိမ်းမြေဩဇာနှင့် သဘာဝမြေဩဇာထည့်သွင်းခြင်း**– ပိုက်ဆန်လျှော်ကဲ့သို့ ပဲမျိုးရင်းဝင်အပင်များနှင့် နိုက်ထရိုဂျင်ပါဝင်မှုများသော အပင်များကို သစ်စိမ်းမြေဩဇာအဖြစ် အသုံးပြုစိုက်ပျိုးခြင်းနှင့် ဆွေးမြည့်ပြီးသော တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများနှင့် အပင်အကြွင်းအကျန်များအား စိုက်ခင်းအတွင်း ထည့်သွင်းအသုံးပြုခြင်းဖြစ်သည်။

(ဂ) စိုက်ပျိုးရေးနည်းစနစ်များဖြင့် ထိန်းသိမ်းခြင်း (Agronomic Measures)

(၁) **သီးနှံရောနှောစိုက်ပျိုးခြင်း**– သီးနှံများကို အလှည့်ကျစိုက်ပျိုးခြင်း၊ သီးနှံများ ရောနှောစိုက်ပျိုးခြင်းဖြင့် ရောဂါပိုးမွှားများ၏ မျိုးဆက်သံသရာစက်ဝန်းကိုဖြတ်တောက်ပေးပြီး မြေဆီလွှာဖွဲ့စည်းမှုကောင်းမွန်စေ၍ မြေဆီဩဇာထက်သန်စေပါသည်။

(၂) **သစ်ရွက်ခြောက်များ၊ သီးနှံအကြွင်းအကျန်များဖြင့် မြေကိုဖုံးအုပ်ကာကွယ်ခြင်း**– ပင်ကြွင်းပင်ကျန်များဖြစ်သည့် သစ်ရွက်ခြောက်များ၊ ကောက်ရိုး၊ စပါးခွံ၊ မြေပဲရိုး၊ မြေပဲခွံ၊ နှမ်းရိုး၊ ပဲရိုး၊ ပြောင်းရိုး၊ မြက်ခြောက်များဖြင့် မြေကြီးကို ဖုံးအုပ်ခြင်း ဖြစ်ပါသည်။

(၃) **ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးခြင်း**– ရွာသွန်းသောမိုးရေကို ထိန်းထားနိုင်ပြီး ရေနုတ်မြောင်းပါရှိသဖြင့် ရေဝပ်ခြင်းမရှိစေဘဲ ရေထုတ်ရလွယ်ကူစေပါသည်။ မြေတိုက်စားမှုကို လျှော့ချပေးနိုင်ပြီး ခြောက်သွေ့ရာသီတွင် အစိုဓာတ်ကို ထိန်းထားပေးနိုင်ပါသည်။

(၄) **သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း**– ရာသီသီးနှံများ၊ နှစ်ရှည်သီးနှံပင်များနှင့်သစ်တောသစ်ပင်များပုံစံမျိုးစုံဖြင့် ရောနှော၍ စိုက်ပျိုးသည့်နည်းစနစ်ဖြစ်သည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် သီးနှံများထိခိုက်ပျက်စီးမှုအားလျော့နည်းသက်သာစေသည့် စိုက်ပျိုးခြင်းနည်းစနစ်ဖြစ်ပါသည်။

(၅) **မြေလှုပ်ထားခြင်း၊ နွေထယ်ရေးခံခြင်း**– မြေလှုပ်ထားခြင်း၊ နွေထယ်ရေး ခံခြင်းအားဖြင့် မိုးရေကိုထိန်းသိမ်းပေးခြင်း၊ ပိုးမွှားရောဂါကာကွယ်ပေးခြင်း၊ မြေဆီလွှာဖွဲ့စည်းမှုကို ကောင်းမွန်စေပြီး လေဝင်လေထွက်ကောင်းမွန်ခြင်း၊ မြေအတွင်းအစိုဓာတ်နှင့် အာဟာရဓာတ်ဆုံးရှုံးမှုကို ထိန်းထားပေးနိုင်သည်။

စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ဖို့ မြေဆီလွှာထိန်းသိမ်းဖို့

မြေဆီလွှာထိန်းသိမ်းခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ပါသည်။ အဓိကအားဖြင့် မြေတိုက်စားစီးဆင်းရေ (runoff water)ကို လျော့နည်းစေခြင်း၊ မြေဆီလွှာတိုက်စားခံရမှုလျော့နည်းခြင်း၊ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် အပေါ်ယံမြေဆီလွှာအား အကာအကွယ်ပေးခြင်း၊ မြေအစိုဓာတ်ကိုထိန်းပေးခြင်း၊ မြေဆွေးဓာတ်များမြေထဲသို့ပြန်လည်ရောက်ရှိစေခြင်း၊ မြေ၏ဂုဏ်သတ္တိများ ကောင်းမွန်လာစေခြင်း၊ မြေဆီလွှာအဆင့်အတန်းတက်လာခြင်း၊ သစ်ပင်များ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ခြင်း၊ သီးနှံအထွက်နှုန်းတိုးလာခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ ဂေဟစနစ်ကိုကောင်းမွန်တည်မြဲစေခြင်း၊ ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားလာစေခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ပါသည်။

သစ်ပင်စိုက်ပျိုးခြင်း၊ သဘာဝတောများထိန်းသိမ်းခြင်းကဲ့သို့သော မြေဆီလွှာထိန်းသိမ်းခြင်းအစီအမံများသည် မြေဆီလွှာ၏အာဟာရဓာတ်များနှင့် အော်ဂဲနစ်ပစ္စည်းများကို အကာအကွယ်ပေးပါသည်။ တောင်စောင်းများတွင် ကွန်တိုနည်းစနစ်ဖြင့် စနစ်တကျစိုက်ပျိုးခြင်း၊ လေကာပင်တန်းများနှင့်မြေဆီလွှာဖုံးလွှမ်းစေသည့်အပင်များ စိုက်ပျိုးခြင်းကဲ့သို့သော ထိန်းသိမ်းရေးနည်းပညာများသည် မြေဆီလွှာကို တိုက်စားပျက်စီးခြင်း သို့မဟုတ် မြေဆီလွှာဆုံးရှုံးခြင်းတို့မှ ဟန့်တားနိုင်သည့် ထိရောက်သော နည်းလမ်းများဖြစ်ပါသည်။ မြေဆီလွှာထိန်းသိမ်းခြင်းသည် စိုက်ပျိုးရေးလုပ်ငန်းများအတွက် သာမက ဇီဝမျိုးစုံမျိုးကွဲများပေါ်တွင်လည်း သက်ရောက်မှုများစွာရှိပါသည်။ ကျန်းမာသောမြေဆီလွှာဂေဟစနစ်သည် အဏုဇီဝသက်ရှိများနှင့် အင်းဆက်ပိုးမွှားများမှ တိရစ္ဆာန်ကြီးများအထိ သက်ရှိများစွာကို ထောက်ပံ့ပေးပါသည်။ မြေဆီလွှာထိန်းသိမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် သဘာဝဂေဟစနစ်ကို ကောင်းမွန်စေပါသည်။

မြေဆီလွှာထိန်းသိမ်းရေးသည် စိုက်ပျိုးရေး၊ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုနှင့်စီးပွားရေးရေရှည်တည်တံ့ခိုင်မြဲရေးစသည့် လုပ်ငန်းနယ်ပယ်များစွာ ရောယှက်ဆက်နွယ်လျက်ရှိသဖြင့် ဘက်စုံကဏ္ဍစုံဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည့် အရေးကြီးလုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ နည်းပညာအဆင့်မှသည် မူဝါဒရေးရာအထိ၊ ဒေသခံပြည်သူများ၊ တောင်သူလယ်သမားများ၊ တစ်သီးပုဂ္ဂလဆောင်ရွက်မှုများမှသည် အစုအဖွဲ့များ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအထိ၊ ရပ်ကွက်၊ ကျေးရွာအဆင့်မှသည် နိုင်ငံတော်အဆင့်အထိ အကျိုးဆက်စပ်ပတ်သက်သူများပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြေဆီလွှာထိန်းသိမ်းခြင်းလုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ။

မြစ်သားမြို့နယ် အခြေခံပညာနှင့်စက်မှု စိုက်ပျိုး မွေးမြူရေးအထက်တန်းကျောင်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေးလက်တွေ့သရုပ်ပြ



မြစ်သား၊ ဩဂုတ် ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေးလက်တွေ့သရုပ်ပြပွဲကို ဩဂုတ်လ ၂၈ ရက်က အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်မင်းကျော်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရန်၊ ရှောင်ရန်များ၊ မီးလောင်မှုဖြစ်ပွားပါက ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်များကို အသိပညာပေးဟောပြောဆွေးနွေးသည်။ ဆက်လက်၍ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်မှုများ သရုပ်ပြခဲ့ကြသည်။

အဆိုပါ မီးငြိမ်းသတ်ရေးလက်တွေ့သရုပ်ပြပွဲအခမ်းအနားသို့ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်မင်းကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းခွဲမှ တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

မြစ်သားမြို့နယ် မီးသတ်ဦးစီးဌာန အနေဖြင့် စက်ရုံ၊ အလုပ်ရုံများ၊ ဌာနဆိုင်ရာရုံးများ၊ အခြေခံပညာကျောင်းများနှင့် ပြည်သူများ၏နေအိမ်အဆောက်အအုံများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း လုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး စည်ပင်သာယာဈေးများ သို့လည်း တာဝန်ရှိသူများနှင့် လိုက်လံစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချမ်းမြေ

တောင်ငူမြို့နယ် ပဲချက်ကုန်းကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် ချေးငွေများထုတ်ချေး

တောင်ငူ၊ ဩဂုတ် ၂၉

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပဲချက်ကုန်းကျေးရွာ၌ Shwe Bank နှင့်ပူးပေါင်း၍ Mobile Financial Payment စနစ်အသုံးပြုပြီး နဝမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ပြန်လည်ထုတ်ချေးခြင်းကို ဩဂုတ်လ ၂၉ ရက်တွင် အဆိုပါကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ တောင်ငူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့်တာဝန်ရှိသူများက ပဲချက်ကုန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး စီမံကိန်းဝင်ကျေးရွာများရှိ ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီစေရန်နှင့် အုပ်ချုပ်မှုဆိုင်ရာဝန်ထုပ်ဝန်ပိုးများလျှော့ချနိုင်စေရန်ရည်ရွယ်၍ Mobile Phone အသုံးပြုကာ ချေးငွေထုတ်ယူခြင်းအစီအစဉ်ကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ Mobile Financial Payment စနစ်ဖြင့် ချေးငွေများထုတ်ချေးပေးခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်ငူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက ပဲချက်ကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာလုပ်ငန်း အဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေ ငွေကျပ် ၃၈ ဒသမ ၆၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက ပဲချက်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဆောင်ရွက်သူ အသင်းသား၊ အသင်းသူ ၁၆၁ ဦးထံ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၃၈ ဒသမ ၆၅ သန်းကို တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညီ(ကျေးလက်)

ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး အားကစားနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်း



ရန်ကုန်၊ ဩဂုတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းခရိုင် ရန်ကင်းမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ချိန်တွင် မိမိတို့ဝါသနာပါရာ အားကစားနည်းတစ်ခုခုကို စနစ်တကျသင်ယူလေ့ကျင့်ခြင်းဖြင့် အချိန်ကိုအကျိုးရှိစွာအသုံးပြုတတ်စေရန်ရည်ရွယ်၍ သဃ်နိုးကျွန်းခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန၏စီစဉ်မှုဖြင့် ရန်ကင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အားကစားနှင့်လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ်လ ၂၉ ရက်တွင် ရန်ကင်းမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သဃ်နိုးကျွန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးသောင်းလွင်က အဖွင့်အမှာစကားပြောကြားပြီး သဃ်နိုးကျွန်းခရိုင် အားကစားမှူး ဦးရဲကျော်သူက လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထို့နောက် ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ အားကစားနှင့် ကာယပညာဦးစီးဌာနမှ လှူဒါန်းသော အားကစားပစ္စည်းများကို သဃ်နိုးကျွန်းခရိုင်အားကစားမှူး ဦးရဲကျော်သူကပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်လွင်က လက်ခံရယူခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

ကျွန်းလှမြို့နယ်၌ တောင်သူနည်းပညာပေးသင်တန်းဖွင့်လှစ်ခြင်းနှင့် ယူရီးယားဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချ

ကျွန်းလှ၊ ဩဂုတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်စေရန် တောင်သူနည်းပညာပေးသင်တန်း ဖွင့်လှစ်ခြင်းနှင့် ယူရီးယားဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာဖြန့်ဖြူးရောင်းချခြင်းကို ဩဂုတ်လ ၂၉ ရက်တွင် ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကျွန်းလှမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက နည်းပညာပေးသင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးပညာရှင်များက စိုက်ပျိုးရေးဆိုင်ရာများ ဆွေးနွေးပို့ချပြီး မြို့ပေါ်လေးရပ်ကွက်နှင့် ကျေးရွာ ၁၀ ရွာမှ မိုးစပါးစိုက်တောင်သူများအား ယူရီးယားဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ ကြဲ၊ စားဖိုဆောင်သီးနှံ၊ တခြားသီးနှံနှင့် နှစ်ရှည်ပင် စသည့်သီးနှံစုံ ၇၆၈၅၈ ဧက စိုက်ပျိုးရန်လျာထားပြီး လက်ရှိအချိန်ထိ ၇၂၇၉၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

မျိုးဝင်းညီ(ကျွန်းလှ)

၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို
ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ဥပဒေအမှတ် ၅၄ /၂၀၂၄)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်
(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

၃။ ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၁၄ ပုဒ်မခွဲ(က)၏ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲ ဇယားများ အမှတ်စဉ် ၃၉ တွင်ပါရှိသော "ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ)နှင့်" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၄။ ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၁၄ ပုဒ်မခွဲ (စျ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(စျ) ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ)နှင့် ရွှေထည်လက်ဝတ်ရတနာများ ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ သို့ရာတွင် ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ)နှင့် ရွှေထည်လက်ဝတ်ရတနာများကို ပြည်တွင်း၌ ဝယ်ယူစဉ် သို့မဟုတ် ပြည်ပမှတင်သွင်းစဉ်က ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်တွင်း၌ရောင်းချစဉ် သို့မဟုတ် ပြည်ပသို့တင်ပို့စဉ် ပေးဆောင်ရသည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်ခွင့်မရှိစေရ။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေထုတ်ပြန်

နေပြည်တော် ဩဂုတ် ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၈ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၄/၂၀၂၄ ဖြင့် ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအား အတည်ပြုထုတ်ပြန်ခဲ့ပါသည်။ အဆိုပါဥပဒေသည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ အကျိုးသက်ရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၉

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ခရမ်းကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ရောဂါရှာဖွေစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ခရမ်းကျောင်းတိုက်ဆရာတော် အမှူးပြု သော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့်နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

■ စစ်တုရင်ပြိုင်ပွဲမှ

အဆိုပါပြိုင်ပွဲ၌ မြန်မာလူငယ်ကစားသမားများသည် အမြန်ရွှေပြိုင်ပွဲ၊ ပုံမှန်ပြိုင်ပွဲ၊ လျှပ်တစ်ပြက်ပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ရာအမျိုးသမီးအသက်၁၈နှစ်အောက်ပြိုင်ပွဲတွင် မေမဟာ၊ ရွှေညီပိုးအိမ့်၊ ရှင်းနဒီအောင်တို့က နိုင်ငံကိုယ်စားပြုအကောင်းဆုံးယှဉ်ပြိုင်ခဲ့ပြီး ငွေတံဆိပ်ဆုကိုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အာဆီယံနိုင်ငံများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်၊ ဟောင်ကောင်၊ နယူးဇီလန်၊ အိန္ဒိယ၊ ရုရှား၊ အမေရိကန်နှင့် ကိုရီးယားနိုင်ငံတို့မှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **ဝန်းရံခ**

❖ လေဖိအားနည်းရပ်ဝန်းမှ

ဖြစ်ပေါ်နေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ၃၀-၈-၂၀၂၄ ရက်နေ့တွင် ပိုမိုအားကောင်းလာနိုင်ကာ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့သို့ ရောက်ရှိနိုင်သည်။ ထိုမှတစ်ဆင့် ၁-၉-၂၀၂၄ ရက်နေ့တွင် မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်ဟုခန့်မှန်းရသည်။ **(မိုး/၈လ)**



၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

▶▶ နေရာကွက်၍ မိုးကြိုးနိုင် ◀◀

နေပြည်တော် ဩဂုတ် ၂၉

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/၈လ)**



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

★ရှေ့ဖုံးမှအဆက်

အစည်းအဝေးသို့ ကျင်းပရေးဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာဇဝင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် အားကစားနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုမှုများစွာရှိသည့်အနက် **“အားကစားသည် ယဉ်ကျေးသောလူ့အဖွဲ့အစည်းတစ်ရပ်၏ အထိမ်းအမှတ်လက္ခဏာဖြစ်သည်ဟုမှတ်ယူကြသည်၊ တစ်နည်းအားဖြင့် အားကစားသည် လူသားထုတစ်ရပ်လုံး၏ ကျန်းမာကြံ့ခိုင်ရေးကို ရှေးရှုသော ပျော်ရွှင်ရင်ခုန်ကြည်နူးဖွယ် လှုပ်ရှားမှုအဖြစ် လူတစ်ဦးချင်း၊ လူတစ်စု လူတစ်ဖွဲ့မှသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၊ လူမှုအသိုင်းအဝိုင်းတစ်ရပ်လုံးမှသည် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံချင်းစီအကြား လူသားဆန်သော အပြန်အလှန်ရင်းနှီးချစ်ကြည်မှုကို ဖန်တီးပေးနိုင်သည့်အရာဟု သိရှိရပါကြောင်း၊ တစ်နည်းအားဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေး၏ သံတမန်အခင်းအကျင်း** တစ်ရပ်အဖြစ် လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ချစ်ကြည်ခြင်းတည်းဟူသော လောကပါလတရားများကိုပင် ဖြစ်ထွန်းစေနိုင်သည်ဟု မျှော်လင့်ယုံကြည်ကြသည်” ဟုလည်း အဓိပ္ပာယ်ဖွင့်ဆိုကြကြောင်း။

ပဉ္စမအကြိမ်ကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြိုးတွင် ထူးချွန်ထက်မြက်ပြီး နိုင်ငံ့ဂုဏ်ဆောင်သည့်အားကစားသမားများထွက်ပေါ်လာနိုင်ပြီး နိုင်ငံတော်အဆင့်၊ အာဆီယံအဆင့် စံချိန်ချိုးနိုင်သည့် အားကစားသမားများလည်း ထွက်ပေါ်လာနိုင်ကြောင်း၊ ထို့အတူ ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ထူးချွန်ထက်မြက်သည့်အားကစားသမားများအနေဖြင့်လည်း နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများအဖြစ် မျှော်မှန်းကြိုးစားယှဉ်ပြိုင်သွားကြရမည်ဖြစ်ကြောင်း။

အမျိုးသားအားကစားပွဲတော် ကျင်းပရန် (၃) လဝန်းကျင်ခန့် အချိန်ရရှိသေးသော်လည်း ကော်မတီဝင်များ၊ ဆပ်ကော်မတီများမှတာဝန်ရှိသူများက သက်ဆိုင်ရာသမားများ ထွက်ပေါ်လာမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အဆိုပါထူးချွန်အားကစားသမားများကို ရေရှည်ရပ်တည်နိုင်ရေးပံ့ပိုးပေးရန် လိုကြောင်း၊ အမျိုးသားအားကစားပွဲတော်ကြီးတွင်ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့်လည်း နိုင်ငံ့ဂုဏ်ဆောင်သည့် အားကစားသမားများအဖြစ် မျှော်မှန်းကြိုးစားယှဉ်ပြိုင်သွားကြရမည်ဖြစ်ကြောင်း။

အမျိုးသားအားကစားပွဲတော် ကျင်းပရန် (၃) လဝန်းကျင်ခန့် အချိန်ရရှိသေးသော်လည်း ကော်မတီဝင်များ၊ ဆပ်ကော်မတီများမှတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်မျှော်မှန်းဆောင်ရွက်ထားရန်နှင့် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများ ခမ်းနားထည်ဝါစွာကျင်းပနိုင်ရေးနှင့် ပြိုင်ပွဲပွဲစဉ်တစ်လျှောက် လစ်ဟာမှုမရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများကို အောင်မြင်လိုသည့် စိတ်ဓာတ်ကောင်းများ၊ အလေ့အကျင့်ကောင်းများ ပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း၊ ထူးချွန်အောင်မြင်စွာထွက်ပေါ်လာမည့် အားကစားသမားများကိုလည်း ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်သွားကြရမည်ဖြစ်ကြောင်း၊ ယခင်အစိုးရများလက်ထက်တွင်လည်း

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၄၃)ကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂၉

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၄၃) ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးဒေါက်တာတင်ထွဋ်က စိုက်ပျိုးရေးလုပ်ငန်းတွင် သီးနှံများဖြစ်ထွန်းအောင်မြင်ရေးနှင့် အထွက်နှုန်းတိုးတက်ရေးအတွက် အရည်အသွေးကောင်းမွန်သောပိုးသတ်ဆေးများကို စနစ်တကျသုံးစွဲရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်ရမည့်ကိစ္စရပ်များဖြစ်သော အဆိပ်ရှိပစ္စည်း (Active Ingredient) အမျိုးအစားနှင့် ကုန်သွယ်မှုအမည် (Trade Name) အလိုက် စမ်းသပ်မှုများကို စိစစ်သုံးသပ်ပြီး စမ်းသပ်မှုရလဒ်များ အောင်မြင်ခဲ့သော ပိုးသတ်ဆေးများကို ယာယီသုံးစွဲခွင့် မှတ်ပုံတင်အမျိုးအစားသို့ တိုးမြှင့်ရေးအတွက် ပိုးသတ်ဆေးနည်းပညာကော်မတီဝင်များမှစိစစ်၍ တင်ပြလာသော



ကိစ္စရပ်များ၊ ယာယီသုံးစွဲခွင့်မှတ်ပုံတင်မှ အပြည့်အဝသုံးစွဲခွင့်မှတ်ပုံတင် အမျိုးအစားသို့ တိုးမြှင့်ခွင့်ပြုနိုင်ပါရန် ပိုးသတ်ဆေးနည်းပညာကော်မတီ အစည်းအဝေးတွင် အဖွဲ့ဝင်များဆွေးနွေး၍ ဆက်လက်တင်ပြလာသောကိစ္စရပ်များ၊ အပြည့်အဝသုံးစွဲခွင့် မှတ်ပုံတင်အမျိုးအစားသို့ သက်တမ်းတိုးလျှောက်ထားလာသော ပိုးသတ်ဆေးများနှင့် သတ်မှတ်ကာလထက် သက်တမ်းကျော်လွန်သော ပိုးသတ်ဆေးများအား ပိုးသတ်ဆေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်စီမံဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးသည်။ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၄၂) ကြိမ်မြောက် အစည်းအဝေး ပြီးဆုံးသည့်ကာလအထိ ပိုးသတ်ဆေး စုစုပေါင်း ၄၂၃၇ မျိုးကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ဒုတိယဝန်ကြီးသည် နံနက်ပိုင်းကလည်း စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း (AERDTC)တွင် ဖွင့်လှစ်ပို့ချလျက်ရှိသော မျိုးစေ့နည်းပညာပြန့်ပွားရေးဆိုင်ရာ အသိပညာပေးသင်တန်းတွင် တက်ရောက်လျက်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်မျိုးစေ့တာဝန်ခံများနှင့် မြို့နယ်မျိုးစေ့ဝန်ထမ်း သင်တန်းသား၊ သင်တန်းသူများအား သွားရောက်တွေ့ဆုံ၍ နည်းပညာပေးလုပ်ငန်းများတွင် Artificial Intelligence(AI) အား အသုံးပြုနိုင်ရေးကို လေ့ကျင့်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

❖ ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများကို အောင်မြင်လိုသည့်စိတ်ဓာတ်ကောင်းများ၊ အလေ့အကျင့်ကောင်းများ ပျိုးထောင်ပေးကြရမည်ဖြစ်၊ ထူးချွန်အောင်မြင်စွာထွက်ပေါ်လာမည့် အားကစားသမားများကိုလည်း ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်သွားကြရမည်ဖြစ် . . .

ထူးချွန်အောင်မြင်ခဲ့သည့် အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်ခဲ့သကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်လျက်ရှိကြောင်း။

ထိုသို့ချီးမြှင့်ခဲ့မှုအနေဖြင့် အာရှနှင့် အရှေ့တောင်အာရှအဆင့် အားကစားပြိုင်ပွဲကြီးများအပါအဝင် နိုင်ငံတကာအားကစားပြိုင်ပွဲကြီးပေါင်း ၂၂ ခုသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် (၇၇) ခု၊ ငွေတံဆိပ် (၈၇)ခုနှင့် ကြေးတံဆိပ် (၁၅၉)ခုရရှိအောင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများကို အခမ်းအနားများကျင်းပပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်တက်ရောက်၍ ဆုကြေးငွေအားဖြင့် ငွေကျပ် (၇၄၅၂၃) သိန်းနှင့် အမေရိကန်ဒေါ်လာ (၁၃၃၉၀၀)တို့ကို အားကစားသမားများအား ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခြင်းသည် မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်လိုသည့် စိတ်ဓာတ်ပေါ်ပေါက်လာစေရန် ရည်ရွယ်ပြီး ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ဩဂုတ်လ ၁၂ ရက်တွင် ကျင်းပခဲ့သည့် **"၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့"** အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လူငယ်ကဏ္ဍနှင့် ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် လူမှုရေးဦးတည်ချက် (၃)ရပ်တွင် **"နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"**ဟု ထည့်သွင်းချမှတ်ထားရှိပြီး လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုထိရောက်ကျယ်ပြန့်စွာ မြှင့်တင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း။

၎င်းအပြင် ယနေ့လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်တိုင်း ကျန်းမာကြံ့ခိုင်အောင် အားကစားနည်းတစ်မျိုးမျိုးကို လေ့လာလိုက်စားစေပြီး အဆိုပါလူငယ်များထဲမှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာအောင် ဆောင်ရွက်ကြရေးသည် အလေးထားဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်ကို အသိပေးမှာကြားလိုသည်ဟု လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ အဆိုပါမှာကြားချက်ကို လုပ်ငန်းလမ်းညွှန်ချက်အဖြစ်မှတ်သားပြီး ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

❖ ယခုကျင်းပမည့်အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေး ကဏ္ဍအလိုက် အမျိုးသားရေးအသိစိတ်ဓာတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် . . .

ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အားကစားသမားများ၏ အသက်တိကျမှန်ကန်ရေးနှင့်ပတ်သက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ E-id Software အသုံးပြုစစ်ဆေးပေးရန်လိုကြောင်း၊ ယခင်က မိမိဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အောင်နိုင်လိုစိတ်ဖြင့် အသက်ကန့်သတ်ချက်များအား ကျော်လွှားဆောင်ရွက်ခဲ့မှုများရှိကြောင်း၊ သို့ဖြစ်၍ အသက်တိကျမှန်ကန်ရေးအတွက် မှန်မှန်ကန်ကန်ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် တားမြစ်ဆေးဝါးသုံးစွဲပြီး ယှဉ်ပြိုင်ခြင်းမရှိစေရန်လည်း ကျန်းမာရေးဝန်ကြီးဌာနက ဆေးပညာရှင်များနှင့် သေချာစွာကြပ်မတ်စစ်ဆေးမှသာ မှန်ကန်မျှတသည့်ပြိုင်ပွဲဖြစ်လာမည်ဖြစ်ကြောင်း။

ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများက ကဏ္ဍအလိုက် အမျိုးသားရေးအသိစိတ်ဓာတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်နှင့် မမျှော်မှန်းနိုင်သည့် လုပ်ငန်းအခက်အခဲများပေါ်ပေါက်လာပါကလည်း တာဝန်ရှိသူအဆင့်ဆင့်က အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇင်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ပြိုင်ပွဲအမျိုးအစားသတ်မှတ်ခြင်းနှင့် ပြိုင်ပွဲအစီအစဉ်များ၊ ဆုချီးမြှင့်မည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျင်းပရေးကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးနှင့် နေပြည်တော်ကောင်စီဝင်တို့က ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲ/ ပိတ်ပွဲအခမ်းအနားများကို ခေတ်ကာလနှင့်လျော်ညီစွာ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားမည့်အစီအစဉ် လျာထားချက်များနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီ၊ တည်ခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီနှင့် ခုံသမာဓိဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားကြမည့်အစီအမံများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။

(၁၀၀)

ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)ကို ဒုတိယဝန်ကြီး ဦးဝင်းရှိန်ကြည့်ရှုစစ်ဆေး၊ မင်္ဂလာဒုံစက်မှုဇုန်ရှိ လုပ်သားများနှင့် တွေ့ဆုံအားပေး

ရန်ကုန် ဩဂုတ် ၂၉

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းရှိန်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)သို့ ရောက်ရှိပြီး လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းနှင့် မော်တော်ယာဉ်စက်ပြင်သင်တန်းပို့ချနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ သင်တန်းသားများနှင့်တွေ့ဆုံပြီး NSSA မှတ်ပုံတင်ထားသည့် သင်တန်းကျောင်း ၂၁ ကျောင်းနှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရရှိထားပြီး NSSA အသိအမှတ်ပြု မှတ်ပုံတင်ထားသည့် သင်တန်းကျောင်း ၁၄ ကျောင်းရှိကြောင်း၊ သင်တန်းကျောင်းအလိုက် ဆောက်လုပ်ရေးလုပ်သားနှင့်လက်သမားသင်တန်း၊ ငြမ်းဆင်သင်တန်း၊ ကြွေပြားကပ်သင်တန်း၊ ပိုက်ဆက်သင်တန်း၊ အုတ်စီသင်တန်း၊ ကျောက်ပုံးရိုက်လုပ်သားသင်တန်း၊ အဆောက်အအုံလျှပ်စစ်ဒီဇိုင်းသင်တန်း၊ ဂဟေဆက်သင်တန်း၊ အထည်ချုပ်သင်တန်း၊ အရောင်းဆိုင်ငွေကိုင်သင်တန်း၊ ဧည့်ကြိုလုပ်သားသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးလုပ်သားသင်တန်း၊ စက်ကိရိယာကိုင်တွယ်မောင်းနှင်သူသင်တန်း၊ အခြေခံမော်တော်ယာဉ်စက်ပြင်နှင့် အဆင့်မြင့်မော်တော်ယာဉ်စက်ပြင်သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မင်္ဂလာဒုံစက်မှုဇုန်ရှိ Honey Garment Factory 1 Co.,Ltd. နှင့် K.M.H Co.,Ltd. အထည်ချုပ်စက်ရုံတို့သို့ရောက်ရှိရာ စက်ရုံတာဝန်ခံများ၊ မန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများနှင့် စက်ရုံအလုပ်သမားအဖွဲ့အစည်းဝင်များ၊ လုပ်ငန်းခွင်ညှိနှိုင်းရေးကော်မတီဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတာဝန်ခံများက လုပ်ငန်းခွင်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး အလုပ်သမားရေးရာ အငြင်းပွားမှုလျော့နည်းပျောက်စေရေး တည်ဆဲအလုပ်သမားရေးရာဥပဒေများနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ပေးကြရန်ဆွေးနွေးမှာကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှု၍ လုပ်သားများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win delivers speech at third coordination meeting of Leading Committee for Organizing 5th National Sports Festival 2024



Vice-Senior General Soe Win delivers speech at third coordination meeting of Leading Committee for Organizing 5th National Sports Festival 2024.

NAY PYI TAW August 29

The Leading Committee for Organizing the 5th National Sports Festival 2024 held its third coordination meeting at the assembly meeting hall of the Ministry of Sports and Youth Affairs in Nay Pyi Taw this afternoon, with an address by Patron of the Leading Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present at the meeting were leading committee member Union ministers, the Auditor-General of the Union, deputy ministers, the Nay Pyi Taw Council member, departmental heads and officials.

Speaking on the occasion, the Vice-Senior General said that sports are defined that **sports is a symbol for a polite society. Sports can bring a happy and pleasant activity leading to health and fitness of humans, creating humanely bilateral relations between individuals, human groups, human societies, races and countries. On the other hand, everybody believes that sports can flourish the moral principles such as liberty, justice and friendship as a diplomatic landscape for the world's peace.**

Outstanding athletes who can uplift prestige of the State will come out in the upcoming 5th National Sports Festival and some of them would break records of sports set at the national level and ASEAN level. Likewise, as outstanding athletes from ministries and regions and states will emerge in the sports festival, officials need to provide aid for those outstanding athletes for their long-lasting standing. Athletes who will take part in the sports festival have to try hard to be able to bring honour to the State.

Although it can take some three months ahead of the sports festival, officials from committees and subcommittees have to make preparations in relevant sectors, hold the opening and closing ceremonies on a grand scale and manage all measures without weaknesses along the sports festival. It is necessary to nurture the athletes to have good morale and practices. Ministries and regions and states have to deservedly honour outstanding athletes from the sports festival. In the terms of previous governments, those outstanding athletes were honoured. So also, the government of the State Administration Council in its term honoured those outstanding athletes deservedly.

The athletes who represented the nation have competed in 22 international sports events, including Asian and Southeast Asian levels, winning a total of 77 gold, 87 silver, and 159 bronze medals, bringing honor to the country. Ceremonies were held, and the Chairman of the State Administration Council Prime Minister personally attended, awarding the athletes with a total of Ks-7,452.3 million and US$-133,900 in recognition of their achievements. This recognition aims to inspire the new generation of youth to aspire to national pride.

At the event celebrating **"International Youth Day 2024"** held at Wunnatheikdi Sports Complex (A) in Nay Pyi Taw on August 12, the Chairman of the State Administration Council Prime Minister discussed the government's youth policy. He emphasized three social directives, **including the aim to develop youth as the main driving force in the country's development processes by enhancing the five capabilities.** He also highlighted the importance of further and more effectively promoting youth development compared to the past.

Additionally, the government encouraged today's youth to pursue various sports for their physical fitness, and from among these youths, national athletes who can bring honor to the country should emerge. This responsibility is considered a national duty. The directives were noted as operational guidelines to be implemented by ministries, regions, and states.

Regarding the verification of accurate ages of athletes competing in the upcoming national sports festival, the Ministry of Immigration and Population will utilize E-id Software for checks. Previously, instances of bypassing age restrictions in regions and states due to a desire to win have been noted. Therefore, accurate age verification is necessary. Additionally, to prevent the use of banned substances, medical professionals from the Ministry of Health will ensure thorough checks, aiming for fair competition.

Those responsible for the successful organization of the upcoming national sports festival were urged to collaborate with a sense of national spirit, and if unforeseen challenges arise, responsible individuals should address them promptly.

Following this, the Chairman of the organizing committee Union Minister for Sports and Youth Affairs U Min Thein Zan, provided an update on the implementation status of previous meeting decisions, details of event categories, programs, and award ceremonies.

Subsequently, Union Ministers, the Union Auditor General, Deputy Ministers, and Nay Pyi Taw Council members, who are members of the organizing committee, discussed plans to conduct the opening and closing ceremonies of the 5th National Sports Festival in a grand and appropriate manner. They reported on preparations and plans relevant to their respective sectors.

Additionally, the chairpersons of various subcommittees, such as those for transport and communication, security, finance and awards, media and documentation, health, invitations and reception, ceremony arrangements, auditing, competition and techniques, accommodation and hospitality, and tribunal, along with Deputy Ministers, the Deputy Auditor General, and Director Generals, presented updates on their respective sectors, their progress, and upcoming plans for the successful organization of the 5th National Sports Festival.

Later, the Vice-Senior General coordinated necessary matters based on the discussions and presentations made at the meeting. The meeting was then concluded with a concluding remark by the Vice-Senior General. **100**

State Administration Council
Press Release
Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

Information Team

State Administration Council

Honorary awards presented to outstanding students in Shwedaung Township

SHWEDAUNG August 29

A ceremony to honor student who was selected as an all-around outstanding student (Luyeechun), students who passed the exam with good grades and student who won the region level track and field competition in 2023-2024 Academic year, was held at the meeting hall of Kyanikan B.E.H.S. in the Town of Shwedaung, Pyay District of Bago Region yesterday.

First, students from Shwedaung B.E.H.S. performed and sang a school song. Next, Chairman of the Township Administration Body U Han Win Aung delivered an opening speech and then the Township Education Officer U Kyaw Oo gave words of encouragement to the students.

This was followed by the presentation of certificates of honor to one student who was selected as an all-around outstanding student (Luyeechun), four students including three students who passed the exam with two distinctions and student who passed with one distinction, one student who won the region level track and field competition and teachers who made efforts to turn out those students in 2023-2024 Academic year's matriculation examinations.

Afterwards, Maung Aung Kyaw Min, an all-around outstanding student (Luyeechun) from Grade-12 spoke words of thanks on behalf of students.

SK

Corn cultivation in Myaung Township: growers tend to 3,552 acres of rain-fed fields

MYAUNG August 29

A total of 3,552 acres of millet and maize have been planted in Myaung Township, Sagaing District this year rain crops planting season, according to the Department of Agriculture for Sagaing District.

In the 2024-2025 rain crops planting season, 7,455 acres of millet and 2,160 acres of maize have been earmarked to be planted in Myaung Township and 2,915 acres of millet and 637 acres of 3,552 acres have been planted since May.

"We are working to ensure that the targeted acres are planted. We are also providing awareness for the success of the corn crop, and we are providing awareness to prevent the spread of the pest," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

It is said that in Myaung Township, the production of millet per acre is more than 19 baskets and the cost to plant millet is Ks-350,000 per acre and the maize production is more than 50 baskets per acre and the cost is Ks-500,000 per acre.

SMK

Sunflower growers in Sagaing Township cultivate 3,207 acres of rain-fed sunflowers

SAGAING August 29

A total of 3,207 acres of sunflower have been planted in Sagaing Township, Sagaing District this year rain crops planting season, according to the statistics of Department of Agriculture for Sagaing Township.

During the 2024-2025 rain crops planting season, 12,366 acres of sunflower have been earmarked to be planted in Sagaing Township, and 3,207 acres have been planted since June this year.

"Sunflower is mostly planted in the winter. In order to reduce the amount of palm oil imported from abroad, we are expanding the cultivation of sunflower, which is an oil-producing crop. The production of sunflower oil per acre is more than that of other peanuts and sesame," said U Zaw Oo, head of the Department of Agriculture for Sagaing Township.

It is reported that this year in Sagaing Township, farmers who will be planting sunflower crops will be provided with seeds and urea fertilizers will be sold at a low price. The sunflower varieties produced will be distributed through farmer-to-farmer exchange methods.

SK

India to build 12 industrial hubs to boost exports

NEW DELHI August 29

The Indian Government on Wednesday approved the creation of 12 industrial smart cities with an investment of around 268 billion rupees (US$-3.2 billion). They will be built over the next three years across ten states in the country, and will act as catalysts to achieve US$-2 trillion in exports by 2030, New Delhi has said.

The hubs will be developed as greenfield smart cities, where residential and commercial setups will co-exist. They will be built according to the 'plug and play' concept, which ensures the presence of advanced infrastructure, manufacturing, and logistics ecosystem to allow efficient industrial operations to be set up.

The smart cities are part of the National Industrial Corridor Development Program (NICDP), through which New Delhi aims to develop futuristic industrial cities "which can compete with the best manufacturing and investment destinations in the world." In total, it envisions 32 projects to be developed in four phases.

"By positioning India as a strong player in the Global Value Chains, the NICDP will provide developed land parcels ready for immediate allotment, making it easier for domestic and international investors to set up manufacturing units in India," New Delhi said in a statement.

The smart industrial cities will be strategically located in key regions, including Rajpura-Patiala in Punjab, Dighi in Maharashtra, Palakkad in Kerala, Agra and Prayagraj in Uttar Pradesh, and Jodhpur-Pali in Rajasthan. New Delhi expects the projects to attract investments of around 1.52 trillion rupees (US$-18 billion) from both large industries and micro, small, and medium enterprises, and could generate 1 million direct and 3 million indirect jobs, the Ministry of Commerce & Industry has said.

RT

Nuclear weapons could save Earth – study

BEIJING August 29

Nuclear weapons may be the best means of protecting the Earth from asteroids, according to scientists from China's deep space exploration program.

မြင့်မိုရ်ထက်(ဘ)ဦးမျိုးမြင့်မောင် ၁၂/ သဃက(နိုင်)၂၂၀၁၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၇၈၆၅၉၂၀၈၁

ပျောက်ဆုံးကြောင်း
သန်းဌေးအောင်(ဘ)ဦးဟန်မောင် ၈/အလန (နိုင်)၁၁၈၈၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(ME 619153)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၄၄၁၀၆၆၈၅၁

ဖခင်အမည်မှန်
တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ အ.ထ.က-တနင်္သာရီကျောင်း Grade-12 အတန်းမှ မလဝန်းမိုဇ၏ဖခင်အမည်မှန်မှာ ဦးဘူစင်း ဖ/တသရ(နိုင်)၀၂၈၀၆၁ ဖြစ်ပါကြောင်း။
ဦးဘူစင်း

ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အထက(ငပုတော)၊ Grade-12(C)မှ နမ့်ဖူးဖူး ဝေ၏ဖခင်အမည်မှန်မှာ ဦးတင်အောင်ငွေ ၁၄/ငပတ(နိုင်)၀၆၅၃၃၀ ဖြစ်ပါကြောင်း။
ဦးတင်အောင်ငွေ

ပျောက်ဆုံးကြောင်း
နော်အယ်ပါးထူး(ဘ)ဦးစောချစ်ဆွေ ၁၂/ အစခန(နိုင်)၁၈၂၂၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(ME 126973)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း
မတွမ်ရွှမ်းလျှန်(ဘ)ဦးတွမ်ယုန်ရွှမ်း ၁၃/ တမည(နိုင်)၀၁၁၃၂၄ ကိုင်ဆောင်သူ၏ နိုင်ငံ ကူးလက်မှတ်အမှတ်(ME 226402)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း
တင်နိုနီထွန်း(ဘ)ဦးသိန်းဖြင့် ၁၂/မဂဒ(နိုင်) ၁၆၅၂၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း
ရှိုင်းသူနိုင်(ဘ)ဦးမြင့်နိုင် ၁၄/လပတ(နိုင်) ၂၉၆၉၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း
ရှိန်းကိုနိုင်(ဘ)ဦးကြည်ရွှေ၁၄/လပတ(နိုင်) ၃၂၁၇၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း
ဒေါ်ခင်ဆုမြင့်(ဘ)ဦးကြည်ရွှေ၁၄/လပတ(နိုင်) ၂၁၁၇၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း
ဒေါ်ခင်မျိုးထက်(ဘ)ဦးမျိုးလွင် ၇/ပခန(နိုင်) ၄၃၀၅၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MG 871492)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။
ဖုန်း-၀၉-၇၈၂၄၄၃၁၀

ပျောက်ဆုံးကြောင်း
မင်းမင်းဦး(ဘ)ဦးဝင်းဇော် ၁၂/ကတန(နိုင်) ၁၀၉၃၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။
ဖုန်း-၀၉-၇၉၁၂၅၁၁

အမည်ပြောင်း
အထက(၂)ပုသိမ်၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-12 မှ ဒေါ်တင်တင်ဦးခိုင် ၁၄/ငပတ(နိုင်) ၁၆၁၉၃၃၏သား မောင်ဖုန်းပြည့်စိုးစန်အား မောင်ဘုန်းပြည့်စိုးဇန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ဘုန်းပြည့်စိုးဇန်

ပျောက်ဆုံးကြောင်း
သက်ဇော်ဦး(ဘ)ဦးမျိုးဇော် ၁၂/ခရန(နိုင်) ၁၅၀၃၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၂

တစ်ဦးတည်းဖြစ်ပါကြောင်း
ပျော်ဘွယ်မြို့နယ်၊ အထက(တွင်းရွာ)၊ G-12 မှ မောင်ဥက္ကာမင်း၏ဖခင် ၉/ဟတန (နိုင်)၁၆၉၃၇၄ ကိုင်ဆောင်သူ ဦးလင်း(ခ) မောင်လင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးလင်း(ခ)မောင်လင်း

ပျောက်ဆုံးကြောင်း
ဝါကြည်(ဘ)ဦးကံထွန်း ၁၂/တတန(နိုင်) ၀၂၀၉၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။
ဖုန်း-၀၉-၇၈၆၅၃၀၃၃

ပျောက်ဆုံးကြောင်း
ခိုင်ခိုင်ကျော်(ဘ)ဦးကျော်ညွှန့် ၁၂/ဥကတ (နိုင်)၀၈၇၁၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။
ဖုန်း-၀၉-၇၇၆၅၄၆၃၃

ပျောက်ဆုံးကြောင်း
ဝေယံထက်ပိုင်(ဘ)ဦးမျိုးနိုင်ဦး ၁၄/ဓနဖ (နိုင်)၁၄၉၉၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း
မြင့်မိုရ်ထက်(ဘ)ဦးမျိုးမြင့်မောင် ၁၂/ သဃက(နိုင်)၂၂၀၁၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၇၈၆၅၉၂၀၈၁

ပျောက်ဆုံးကြောင်း
သန်းဌေးအောင်(ဘ)ဦးဟန်မောင် ၈/အလန (နိုင်)၁၁၈၈၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(ME 619153)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၄၄၁၀၆၆၈၅၁

ဖခင်အမည်မှန်
တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ အ.ထ.က-တနင်္သာရီကျောင်း Grade-12 အတန်းမှ မလဝန်းမိုဇ၏ဖခင်အမည်မှန်မှာ ဦးဘူစင်း ဖ/တသရ(နိုင်)၀၂၈၀၆၁ ဖြစ်ပါကြောင်း။
ဦးဘူစင်း

ကြည်း ၈၂၆၂ ဗိုလ်ကြီးစိန်ဝင်း(ငြိမ်း)(ဗနတ) အသက်(၉၅)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ စစ်ကိုင်း ၃ လမ်းနေ (ဦးစိန်ဖေ-ဒေါ်ခင်ခင်)၊ (ဦးတင်ဦး-ဒေါ်တင်တင်)တို့၏သား ဗိုလ်ချုပ်ဇော်ဝင်း(ငြိမ်း)၊ ဒေါ်နန်းရွှေနုယဉ်၊ ဒေါက်တာမော်မော်ဝင်း၊ ဒုတိယဗိုလ်မှူးကြီးအေးလှိုင်(ငြိမ်း)၊ (ဗိုလ်မှူးနိုင်ဝင်း)၊ ဒေါ်မိုးမိုးအောင်တို့၏မွေးသဖခင်၊ မြေး ၇ ယောက်တို့၏အဘိုး၊ မြစ် ၂ ယောက်တို့၏ ဘိုးဘိုးကြီး သည် ၂၈-၈-၂၀၂၄ ရက်(ဗုဒ္ဓဟူးနေ့)ည ၁၁:၄၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၂၉-၈-၂၀၂၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁:၀၀ နာရီတွင် နေပြည်တော် ငြိမ်းအေးဇရပ်မှ နေပြည်တော်စစ်သချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပျောက်ဆုံးကြောင်း
ဇင်ကိုထက်(ဘ)ဦးသောင်းရွှေ ၇/ကတခ(နိုင်)၁၈၉၃၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 315834)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၆၆၆၄၁၂၆၃၅

မိခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ.ထ.က(၄) Grade-12(သင်ဆဲ)မှ ကျောင်းဝင်အမှတ် ၆၉၈၅ မနန်းအိန္ဒြာဝေ၏ မိခင်အမည်မှန်မှာ ဒေါ်စောစန္ဒာနွယ် ၈/တတက(နိုင်)၂၁၅၈၄၃ ဖြစ်ပါကြောင်း။
ဒေါ်စောစန္ဒာနွယ်

မိခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ.ထ.က(၄) Grade-12(သင်ဆဲ)မှ ကျောင်းဝင်အမှတ် ၇၀၉၃ မနန်းယုနိုင်၏ မိခင်ဒေါ်အေးဝင်း၏အမည်မှန်မှာ ဒေါ်အေးအေးဝင်း ၈/တတက(နိုင်)၁၀၅၇၈၁ဖြစ်ပါကြောင်း။
ဒေါ်အေးအေးဝင်း

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၂/၂၀၂၄-၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် သြဂုတ် ၂၉

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၂/၂၀၂၄-၂၀၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရုံးအမှတ်(၃၀) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာစက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဒေါက်တာချာလီသန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ယနေ့အစည်းအဝေးတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း စက်ပစ္စည်းကြီးကြပ်မှုကော်မတီသို့ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းနှင့် စီမံကိန်းတန်ဖိုးပြောင်းလဲခြင်း အမှာစာသုံ့ စောင်တို့ကို အတည်ပြုနိုင်ရန် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ စက်ကိရိယာပစ္စည်းဝယ်ယူရေးလုပ်ငန်းစဉ်များ၊ ပစ္စည်းလက်ကျန်စီမံခန့်ခွဲခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ စံကိုက်ချိန်ညှိခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ခြင်း၊ မှတ်တမ်းနှင့် အချက်အလက်ထိန်းသိမ်းခြင်း စသည့် အကြောင်းအရာများနှင့် စပ်လျဉ်းသည့် ကိစ္စများကို ဦးစီးဌာနအဖွဲ့အစည်းအသီးသီးက တစ်ပြေးညီလိုက်နာဆောင်ရွက်နိုင်ရေး လိုအပ်ပါသဖြင့် စက်ကိရိယာပစ္စည်းစီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ မူဝါဒလုပ်ငန်းတာဝန်များနှင့်



အညီ လုပ်ငန်းများပိုမိုထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်စေရန် အဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြပါရန် ပြောကြားသည်။

ယင်းနောက် စက်ပစ္စည်းကြီးကြပ်မှုကော်မတီသို့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ တင်ပြသည့် အမှာစာများကိုကော်မတီဝင်များနှင့် ဝန်ကြီးဌာန ကိုယ်စားလှယ်များက ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးမှ စက်ကိရိယာပစ္စည်းစီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းရေးဆွဲရာတွင် ပါဝင်သင့်သည့် အချက်အလက်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာသည့် ကော်မတီဝင်များကစက်ကိရိယာပစ္စည်းစီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းရေးဆွဲခြင်းနှင့် ပတ်သက်၍ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ဒဂုံပေါ့အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိ



ရန်ကုန် သြဂုတ် ၂၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၃)နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြက်ခင်းတုကွင်း၌ ရန်ကုန်ယူနိုက်တက်ယူ-၂၀ အသင်းနှင့် ဒဂုံပေါ့ယူ-၂၀ အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်းသိရသည်။

အဆိုပါပွဲစဉ်တွင်ပွဲစကတည်းက ရန်ကုန်ယူနိုက်တက်ယူ-၂၀ အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၄၃ မိနစ်တွင် မင်းသန့်ဘိုကပင် ရန်ကုန်ယူနိုက်တက်ယူ-၂၀ အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့ကာ ပထမပိုင်းတွင် ရန်ကုန်ယူနိုက်တက်ယူ-၂၀ အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ဒဂုံပေါ့ယူ-၂၀ အသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ပြန်လည်ဖိအားပေးမှုများကြောင့် ပထမပိုင်းကထက် ပိုမို အကြိတ်အနယ်ရှိလာခဲ့ပြီး နှစ်သင်းလုံး ဂိုးသွင်းခွင့်များရရှိခဲ့ကာ ပွဲချိန် ၇၃ မိနစ်တွင် ပိုင်းပိုင်းချစ်က ဒဂုံပေါ့ယူ-၂၀ အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းက ချေပဂိုးခွင့်ပြုပေးခဲ့ရပြီးနောက် ပြန်လည်တိုက်စစ်ဆင်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၇၇ မိနစ်တွင် မင်းသန့်ဘိုကပင် ရန်ကုန်ယူနိုက်တက်ယူ-၂၀ အသင်းအတွက် ဦးဆောင်ဂိုးပြန်လည်သွင်းယူနိုင်ခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်ယူ-၂၀ အသင်းက ဒဂုံပေါ့ယူ-၂၀ အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **စည်သူအောင်**

သံလွင်မြစ်ရေနှင့် စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် သြဂုတ် ၂၉

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ၁ ပေခွဲကျော်(၅၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ ၂ ပေကျော်(၆၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ၁ ပေခန့် (၃၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ လက်မခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/၈လ)



ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ နန်းတော်ကုန်းရပ်ကွက်၊ နယ်မြေ(၆)၊ ချမ်းအေးသာယာရပ်၊ ဦးထွန်းဦးလမ်းနေ ဦးဝင်းမြင့်(၉/မထလ(နိုင်)၀၂၀၁၀၀)ကိုင်ဆောင်သူမှ(အလျား ၁၈'-၀" x အနံ ၂၇'-၀")နံကပ်(၂)ထပ် အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့

ပျောက်ဆုံးကြောင်း

ဇရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ရက်ကန်းကွက်သစ်(၃)လမ်းနေ မန္တယ်နီလှိုင်(ဘ)ဦးစိန်လှ ၁၄/ပသန(နိုင်)၁၉၇၁၁၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MA 755648)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

ပျောက်ဆုံးကြောင်း

သရက်ချောင်းမြို့နယ်၊ ပြင်းဖြူသာရွာနေ မောင်မင်းခိုင်(ဘ)ဦးနေဝင်း ၆/သရခ(နိုင်)၀၄၄၆၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 139061)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၄၃၇၃၆၄၅

ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကုန်းဘောင်လမ်း၊ အမှတ်(၉၇၇)နေ ခင်မြဃုံ(ဘ)ဦးလှသန်း ၁၄/၀ခမ(နိုင်)၃၈၁၆၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 232557)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၅၂၉၇၇၆၉၃

ပျောက်ဆုံးကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ အ-၁၅၃၊ ထန်းတော၊ ဖေးကမ်ရွာနေ မောင်ရဲလင်းအောင်(ဘ)ဦးသိုင်းတင် ၆/ကစန(နိုင်)၀၈၅၇၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 133391)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

ပျောက်ဆုံးကြောင်း

မောင်ဝင်းနိုင်ဦး(ဘ)ဦးမောင်မောင်နိုင် ၉/အမရ(နိုင်)၁၃၂၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၀၄၆၈၁၃၆

စာပေမြင့်မှလူမျိုးတင့်မည်

ပျောက်ဆုံးကြောင်း

မောင်ကျော်ကျော်ထွန်း(ဘ)ဦးခင်မောင်ဝင်း ၁၀/ကထန(နိုင်)၁၇၀၆၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

ပျောက်ဆုံးကြောင်း

မောင်ကျော်သူရ(ဘ)ဦးညိမ်းမောင် ၁၀/မလမ(နိုင်)၀၉၀၂၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

ပျောက်ဆုံးကြောင်း

မောင်အောင်အောင်(ဘ)ဦးညွှန့်ရင် ၁၀/ကမရ(နိုင်)၀၈၀၃၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

အမည်ပြောင်း

လယ်ဝေးမြို့နယ်၊ အ.ထ.က(၄)(သဲဖြူ)၊ (Grade-3) တွင် တက်ရောက်နေသော အဘဦးစိုးသူ+အမိ ဒေါ်ငြိမ်းအိဖြူတို့၏သား မောင်ဝေလွှာဘုန်းထက်အား မောင်စိုးလင်းသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်စိုးလင်းသန့်**

ပျောက်ဆုံးကြောင်း

ဒေါ်ဇင်မာလွင်(ဘ)ဦးနုရာမွတ် ၁၀/မလမ(နိုင်)၃၁၄၆၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

မွေးသက္ကရာဇ်အမှန်

ကျိုင်းတုံမြို့၊ မိုင်းဇင်းအုပ်စု၊ ပန်ဆွန်ရွာနေ အဘ ဦးအောင်ကျော်၏သမီး အ.ထ.က(၄) Grade-12(B) တွင် ပညာသင်ကြားနေသော မဆုဇင်လှိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၁၀-၂၀၀၆ ဖြစ်ပါကြောင်း။ **၁၃-၁၀-၂၀၀၆**

ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ပထမဆုံးထုတ်ပယ်ခံရနိုင်သည့်နည်းပြအဖြစ် အဲဗာတန်အသင်းနည်းပြ ရှောင်ဒိုက်ရေပန်းစားနေ



လန်ဒန် ဩဂုတ် ၂၉

ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပထမဆုံးထုတ်ပယ်ခံရနိုင်သည့် နည်းပြအဖြစ် အဲဗာတန်အသင်းနည်းပြ ရှောင်ဒိုက်က ထိပ်ဆုံးမှ ရေပန်းစားနေကြောင်း သိရသည်။

အသက် ၅၃ နှစ်အရွယ် နည်းပြရှောင်ဒိုက်သည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလက အသင်းကိုစတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းကို တန်းမဆင်းရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီ ပြန်လည်စတင်ချိန်တွင် ရလဒ်များဆိုးရွားပြီးနောက် ထုတ်ပယ်ခံရနိုင်သည့်နည်းပြများတွင် ထိပ်ဆုံးမှ ရေပန်းစားနေခြင်းဖြစ်သည်။

အဲဗာတန်အသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ နှစ်ပွဲကစားခဲ့ရာ ဘရိုက်တန်အသင်းကို ၃ ဂိုး-ဂိုးမရှိ ဖြင့် ရှုံးနိမ့်ခဲ့သည်။ ထို့ပြင် စပါးအသင်းကိုလည်း ၄ ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီး အသင်းခံစစ်ပိုင်းမှ ခုနစ်ဂိုးအထိခွင့်ပြုခဲ့ရသည့်အပြင် တစ်ဂိုးမှသွင်းယူနိုင်ခြင်းမရှိသည်အထိဆိုးရွားနေကာ အမှတ်ပေးဇယားအောက်ဆုံး၌ ရပ်တည်နေခြင်းဖြစ်သည်။

ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ထုတ်ပယ်ခံရရန် ရေပန်းစားနေသည့် နည်းပြများစာရင်းတွင် ရှောင်ဒိုက်၏နောက်၌ လက်စတာအသင်းနည်းပြ စတိဗ်ကူးပါး၊ ချယ်လ်ဆီးအသင်းနည်းပြမာရက်စ်ကာ၊ မန်ယူအသင်းနည်းပြ တန်ဟတ် နှင့် ဆောက်သမ်တန်အသင်းနည်းပြ ရပ်ဆဲလ် မာတင်တို့က ရေပန်းစားလျက်ရှိကြောင်း သိရသည်။

Ref;Opta.com

ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလမှာ ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလထက် အသုံးစရိတ်လျော့နည်းဖွယ်ရှိ

လန်ဒန် ဩဂုတ် ၂၉

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က ချမှတ်ထားသည့်အသင်းဘဏ္ဍာရေးစည်းမျဉ်းကြောင့် ပရီးမီးယားလိဂ်အသင်းများ၏ လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလအသုံးစရိတ်မှာ ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက အသုံးစရိတ်ထက်များစွာလျော့နည်းဖွယ်ရှိကြောင်း သိရသည်။

လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ၃ ဂေ့ကြေးအများအပြားသုံးစွဲပြီးနောက်ပရီးမီးယားလိဂ် ပရီးမီးယားလိဂ်အသင်းကြီးများအနေဖြင့် ထိပ်တန်းအပြောင်းအရွှေ့များ အနည်းငယ်သာလုပ်ဆောင်ခဲ့ပြီး အသင်းများအနေဖြင့် ကစားသမားခေါ်ယူရေးထက် ကစားသမားရောင်းချရေးကိုသာ ဦးစားပေးလုပ်ဆောင်ခဲ့ကြသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ပြောင်းရွှေ့ အသုံးစရိတ်များစွာလျော့နည်းလာခဲ့ခြင်းဖြစ်သည်။ အဖွဲ့ချုပ်မှချမှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းနှင့်ငြိစွန်းခဲ့သည့်အတွက် အဲဗာတန်အသင်းနှင့် နော်တင်ဟမ်အသင်းတို့ ရမှတ်လျှော့ပြစ်ဒဏ်များချမှတ်ခံခဲ့ရသည်။ ထို့ကြောင့် လက်ရှိနွေရာသီအပြောင်းအရွှေ့ကာလတွင် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ကစားသမားခေါ်ယူမှုများကို ဂရုတစိုက်လုပ်ဆောင်လာခဲ့သည့်အတွက် ပြောင်းရွှေ့ကြေးသည်။

ပရီးမီးယားလိဂ်အသင်းများသည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက ပြောင်းရွှေ့ကြေးအသုံးစရိတ် စတာလင်ပေါင် ၂ ဒသမ ၃ ဘီလီယံ ရှိခဲ့သော်လည်း လက်ရှိနွေရာသီအပြောင်းအရွှေ့ကာလပြီးဆုံးရန် ရက်ပိုင်းအလိုတွင် အသုံးစရိတ်မှာ စတာလင်ပေါင် ၁ ဒသမ ၆ ဘီလီယံခန့်သာရှိနေသည့်အတွက် များစွာလျော့နည်းဖွယ်ရှိကြောင်း သိရသည်။

Ref;Football Transfer

လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ခေါ်ယူရန်မရှိတော့ကြောင်း မန်ယူအသင်းအတည်ပြု



မန်ချက်စတာ ဩဂုတ် ၂၉

မန်ယူအသင်းက ဝီအက်စ်ဂျီအသင်း ကွင်းလယ်ကစားသမား အူဂါတေးကိုခေါ်ယူနိုင်ပြီးနောက် လက်ရှိ နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် နောက်ထပ်ကစားသမားသစ်ခေါ်ယူရန် အစီအစဉ်မရှိတော့ကြောင်း အတည်ပြုခဲ့သည်။

မန်ယူအသင်းသည် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ပူးတွဲအသင်းပိုင်ရှင် ရက်ကလစ်ဖ်၏ ဦးဆောင်မှုနှင့်အတူ အသင်းဘုတ်အဖွဲ့ဝင်များအားလုံးပြောင်းလဲပြီးနောက် ကစားသမားသစ်ခေါ်ယူမှုများကိုလည်း အကောင်းဆုံးလုပ်ဆောင်နိုင်ကာ ပြီးခဲ့သည့်ဘောလုံးရာသီက လိုအပ်ချက်အများဆုံးဖြစ်ခဲ့သည့် အသင်းခံစစ်ပိုင်းအတွက် လိုင်လီအသင်းမှ ယိုရှိ၊ ဘိုင်ယန်မြူးနစ်အသင်းမှ ဒီလစ်နှင့် မာဇာရာဝီ၊ အသင်းတိုက်စစ်ပိုင်းအတွက် ဘိုလော့ဂ်နာအသင်းမှ ဇက်ဇီးနှင့် နောက်ဆုံးကစားသမားခေါ်ယူမှုအဖြစ် ဝီအက်စ်ဂျီအသင်း ကွင်းလယ်ကစားသမား အူဂါတေးကို ခေါ်ယူနိုင်ပြီးနောက် လိုအပ်သည့်နေရာများတွင် ကစားသမားသစ်ဖြည့်တင်းမှုများလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်း အသစ်ခေါ်ယူထားသည့် ကစားသမားများအနေဖြင့် အသင်းနှင့်အမြန်ဆုံးအထိုင်ကျကာ ခြေစွမ်းပြနိုင်ခဲ့ပြီး တိုက်စစ်ကစားသမား ဇက်ဇီးအနေဖြင့်လည်း အသင်းအတွက် နှစ်ပွဲကစားပြီး တစ်ဂိုးသွင်းယူထားသကဲ့သို့ တောင်ပံခံစစ်ကစားသမား မာဇာရာဝီသည်လည်း အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိသည်။

မန်ယူအသင်းသည် အစောပိုင်းက အသင်းကွင်းလယ်ပိုင်းတွင် လိုအပ်ချက်များရှိနေပြီး ဝါရင့်ကစားသမား ကက်စ်မဲရိုးအနေဖြင့် ပုံမှန်ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရသည့်အတွက် လက်ရှိတွင် လိုအပ်ချက်များရှိနေသည့် အသင်းကွင်းလယ်ပိုင်းအတွက်လည်း အူဂါတေးကို ခေါ်ယူအင်အားဖြည့်တင်းနိုင်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် အူဂါတေးကို ခေါ်ယူခဲ့ပြီးနောက် အသင်းအထောင်တိုက်စစ်ပိုင်းအတွက် ဘရန်ဖို့ဒ်အသင်း တိုက်စစ်ကစားသမား အိုင်ဗန်တိုနေးကို ခေါ်ယူရန် ဆက်လက်ကြိုးပမ်းနေသည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း မန်ယူအသင်းက ကစားသမားသစ်ခေါ်ယူတော့မည်မဟုတ်ဟု အတည်ပြုခဲ့ကြောင်း သိရသည်။ *Ref;Goal.com*

နွေရာသီကစားသမား အပြောင်းအရွှေ့ သတင်းတိုများ

■ ဘာစီလိုနာအသင်းက လီဗာပူးအသင်း လူငယ်ကစားသမား ဘိုင်ဂျက်တစ်ကို တစ်ရာသီအငှားစာချုပ်ဖြင့်ခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်ထားကြောင်း သိရသည်။

■ ဘရန့်ဖို့ဒ်အသင်းက ဘရာဇီးကလပ် ဂရီမီရို အသင်း လူငယ်တောင်ပံကစားသမား ဂူစတာဗို့ကို ပြောင်းရွှေ့ကြေး ယူရို ၁၆ သန်းဖြင့် ခြောက်နှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

■ ဆော်ဒီကလပ် အယ်အာလီအသင်းက ဘရန့်ဖို့ဒ်အသင်းတိုက်စစ်မှူး အိုင်ဗန်တိုနေးကို ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

■ ဘက်တစ်အသင်းက ဘာစီလိုနာအသင်းကစားသမား ဗစ်တာရိုကွေ့ကိုခေါ်ယူနိုင်ခဲ့ပြီးနောက် စပါးအသင်း ကွင်းလယ်ကစားသမား လိုဆယ်ဆိုကို ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

■ လိုင်လီအသင်းက ဒေါ့မွန်အသင်း လူငယ်တိုက်စစ်ကစားသမား မူကိုကိုအား တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ပြီး စာချုပ်တွင် အငှားစာချုပ်သက်တမ်းကုန်ဆုံးပါက ပြောင်းရွှေ့ကြေး ယူရို ၁၅ သန်းဖြင့် ခေါ်ယူခွင့်ပါထည့်သွင်းချုပ်ဆိုခဲ့ကြောင်း သိရသည်။

Ref;Fabrizio Romano

လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၉

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် MG Rising R7 (Standard) နှင့် MG Rising F7 (Luxury) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**



မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄.၀	/	၃၂.၃
ရန်ကုန်	၂၄.၀	/	၃၀.၂
မန္တလေး	၂၅.၀	/	၃၂.၆

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

တရားမဝင်လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဩဂုတ်လ ၂၆ ရက်နှင့် ၂၇ ရက်** တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၂၃)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် 100% Polyester Woven Dyed Fabric မီတာ (၈၂၅၀၀) အပါအဝင် လုပ်ငန်းသုံးပစ္စည်း(၃)မျိုးနှင့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၉၀၃၃၃၅၅၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှသွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၆၈၀၀၀၀) ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးနှင့် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁၂)မျိုးနှင့် စားသောက်ကုန်ပစ္စည်း(၃)မျိုးနှင့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၁၀၉၃၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Zhong Tong Bus (၁)စီး၊ Scania Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၁၂၀၆၃၅၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၂၇ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့၊မြို့အဝင် စစ်ဆေးရေးဂိတ်၌ တောင်ကြီးမြို့မှကျောက်ဆည်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုးနှင့် စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၈၇၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Doh Shwe Myan Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၈၇၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၇ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဝေါမြို့နယ်၊ စစ်တောင်းမြစ်ကျိုးလမ်း၊ မြစ်ကျိုးရွာအနီး၌ ဘားအံမြို့မှ တောင်ငူမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၂၀၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၈ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့၊ အဏ္ဏဝါရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ ဓမ္မာရုံကူးတို့ဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဩဂုတ်လ ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၈)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၆၂၄၁၈၅၀)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



ရွာသာကြီး Dry Port ၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရရန်ရှိပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရရှိနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထို့ကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Sithu Lin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ မဇင်းရပ်ကွက်နေ စည်သူလင်းအား ညနေ ၄ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “aungkoaungko799” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ဖောင်ဇင်းကျေးရွာနေ အောင်သက်ခိုင်နှင့် “Aungko2772” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စဉ့်ကိုင်မြို့နယ်၊ ဖောင်ဇင်းကျေးရွာနေ ကျော်မင်းဦးတို့အား ညနေ ၅ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။


ထို့ကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထို့သို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ **(၁၀၀)**

မန္တလေးမှ ရန်ကုန်သို့ထွက်ခွာလာသည့် အမှတ်(၁၂)အစုန် လူစီးအမြန်ရထားပေါ်မှ WY စာတန်းပါ စိတ်ကြွမူးယစ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၉

မန္တလေးမှ ရန်ကုန်သို့ထွက်ခွာလာသည့် အမှတ်(၁၂)အစုန် လူစီးအမြန်ရထားပေါ်မှ WY စာတန်းပါ စိတ်ကြွမူးယစ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

ဖြစ်စဉ်မှာ ဩဂုတ်လ ၂၇ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် မန္တလေးမှ ရန်ကုန်သို့ထွက်ခွာလာသည့် အမှတ်(၁၂) အစုန် လူစီးအမြန်ရထားသည် ပျဉ်းမနားနှင့် ပြည်ဝင်ဘူတာအကြား ရောက်ရှိစဉ်





ရထား၏ အထက်တန်းတွဲ(၁)၊ ခုံအမှတ် A-3, A-4 ၏ အပေါ်ဘက် ပစ္စည်းတင်စင်နှင့် ထိုင်ခုံ၏ရှေ့တို့တွင် ကျောပိုးအိတ်(၂) လုံးနှင့် မြွေရေခွံအိတ်များထည့်ထားသည့် ခြင်း(၂)လုံးတို့ကို ပိုင်ရှင်မဲ့တွေ့ရှိရသဖြင့် မသင်္ကာ၍ ရထားလုံခြုံရေးရဲတပ်ဖွဲ့နှင့် မြန်မာ့မီးရထားတာဝန်ရှိသူများက စစ်ဆေးခဲ့ရာ WY စာတန်းပါ စိတ်ကြွမူးယစ်ဆေးပြားများထည့်ထားသည့်ပလတ်စတစ်အထုပ်ကြီး (၅၀)ကိုတွေ့ရှိခဲ့ပြီး အထုပ်ကြီး(၁)ထုပ် အတွင်း၌ အထုပ်ငယ် (၅)ထုပ်ပါရှိကာ အထုပ်ငယ်(၁)ထုပ်အတွင်းဆေးပြား (၇၅၀၀) ခန့်ပါရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

စစ်ဆေးတွေ့ရှိချက်အရ WY စာတန်းပါ စိတ်ကြွမူးယစ်ဆေးပြား စုစုပေါင်း ၄၆၁၉၄၅ ပြား၊ အလေးချိန် 36.96 kg စုစုပေါင်း တန်ဖိုးငွေကျပ် သိန်းကိုးထောင်ကျော်ခန့်ဖြစ်ပြီး အမှတ်(၁၂)အစုန် လူစီးအမြန်ရထား၏ ထိုင်ခုံဇယားအား စိစစ်ရာ အဆိုပါ ခုံအမှတ် A-3, A-4 တို့တွင် သာစည်-ရန်ကုန် ခရီးစဉ်အဖြစ် သန်းဇော်ဦး၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ၈/စလန(နိုင်) ၁၃၉၈၁၇ နှင့် စိုင်းသက်အောင်၊ နိုင်ငံသား စိစစ်ရေးကတ်အမှတ်၊ ၁၃/တကန(နိုင်) ၃၂၁၀၆၉၆ တို့က ဝယ်ယူထားကြောင်း သိရှိရသဖြင့် ပိုင်ရှင်အား ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်းနှင့် အမှုအမှတ်(၀)၂၀/၂၀၂၄၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)၊ ၂၀(က) ဖြင့် ပျဉ်းမနားမြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၉

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၂၆ ရက် ည ၆ နာရီ မိနစ် ၅၀ တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၂၈)ရပ်ကွက် ပြည်ထောင်စုလမ်းနှင့် ဆရာစံလမ်းထောင့်တွင် မသင်္ကာဖွယ်တွေ့ရှိသူ စောနောင်(ခ)ကိုထက်(ခ) အောင်လေးနှင့် သန်းနိုင်ဇော်(ခ)ကိုနိုင် တို့အားစစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှစိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ဩဂုတ်လ ၂၇ ရက် နံနက် ၁၀ နာရီတွင် ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ်၊ တောင်ကြီး-လွိုင်လင် သွားကားလမ်း ရွာသစ်ကျေးရွာအနီးတွင် ထွန်းထွန်းဦး(ခ) အာဇွင်း မောင်းနှင်ပြီး ယွန်းဂျူလိုင်ဖူး လိုက်ပါလာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ပြောင်းဆေးဝါး Happy Water သုည ဒသမ ၇၈၃ ကီလို၊ ကက်တမင်း သုည ဒသမ ၀၄၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရနံနက် ၁၁ နာရီခွဲတွင် စိုင်းစွမ်ဆိုင်မိုင်းအား တောင်ကြီးမြို့ ကံကြီးရပ်ကွက် ရွှေတောင်ကြားအိမ်ရာတွင်လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မျိုးမင်းထက်(ခ)ကိုထက်အား တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်တွင်ကက်တမင်း သုည ဒသမ ၀၀၉ ကီလိုနှင့်လည်းကောင်း၊ ထို့ပြင် ယင်းနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့ ဈေးတန်းရပ်ကွက်ရှိ ကားဂိတ်တွင် ဆိုင်ကယ်နှင့် ပါဆယ်ပစ္စည်းများ လာရောက်ပို့ဆောင်သူ ခွန်တင်ဝင်းအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၁၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**



ခွန်တင်ဝင်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ဩဂုတ်လ ၁၉ ရက်မှ ၂၅ ရက်အတွင်း နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင် ကျွန်းသစ် (၂၆ ဒသမ ၁၁၈၂)တန်၊ သစ်မာ (၉ ဒသမ ၃၈၆၆)တန်နှင့် အခြား (၂ ဒသမ ၃၇၁၈)တန် ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည်တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ပြည်သူပူးပေါင်းပါဝင်သော လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ ၁၉ ရက်မှ ၂၅ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်းသစ်(၂၆ ဒသမ ၁၁၈၂)တန်၊ သစ်မာ(၉ ဒသမ ၃၈၆၆)တန်၊ အခြား(၂ ဒသမ ၃၇၁၈)တန် စုစုပေါင်း (၃၇ ဒသမ ၈၇၆၆) တန်နှင့် ယာဉ်/ယန္တရား (၄)စီး၊ တရားခံ (၁)



ဦး ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိမှုများအနက် အများဆုံးဖမ်းဆီးရမိမှုမှာ လယ်ဝေးမြို့နယ် မြို့မဘိနယ်ပေါက်ပင်သာဘုန်းကြီးကျောင်းဝင်း အနီးဝန်းကျင်မှ တရားမဝင်ကျွန်းသစ် လုံး/ ခွဲခြမ်း/ လုံးပတ် ၃ ပေအောက် သစ်စုစုပေါင်း (၂၂၇) လုံး/ခြမ်း(၁၉ ဒသမ ၈၀၄၀) တန်ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရွယ်မရောက်သေးသည့် ကလေးသူငယ်ကို အဓမ္မအလုပ်ခိုင်းစေပြီး လုပ်အားခများခေါင်းပုံဖြတ်ရယူခဲ့သူများကို အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဩဂုတ် ၂၉

အရွယ်မရောက်သေးသည့် ကလေးသူငယ်ကိုအဓမ္မအလုပ်ခိုင်းစေပြီး လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် (၁၀)နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ ဒေါ်ရွှေဇင်ဝင်း(ခ)အိတီမနှင့် ၎င်း၏ သမီးဖြစ်သူ မေသန္တာဝင်းတို့က ရွှေပြည်သာမြို့နယ်နေ မ----၊ ၁၂/၂၀၂၄ နှစ်အား နေ့စဉ် နံနက် ၅ နာရီမှ ည ၁၂ နာရီထိ ရွှေဂုံတိုင်ကားမှတ်တိုင်အနီးတွင် ပန်းရောင်းရန်ခိုင်းစေခဲ့ပြီး ပန်းရောင်းမကုန်သည့်နေ့များတွင် ရိုက်နှက်ခြင်းများ ပြုလုပ်၍ အဓမ္မအလုပ်ခိုင်းစေပြီး လုပ်အားခများခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ဗဟန်းမြို့မရဲစခန်းက (၀)၃၉/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ-၅၅ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့သည်။

ကမာရွတ်ခရိုင်တရားရုံးမှ ဩဂုတ်လ ၂၇ ရက်တွင် တရားခံ ဒေါ်ရွှေဇင်ဝင်း (ခ) အိတီမနှင့် မေသန္တာဝင်းတို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ-၅၅ အရ အလုပ်နှင့် ထောင်ဒဏ်(၁၀)နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**


""အေးမြကြည်လင် စိတ်ပေါ်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်ရေသန့်အစွမ်း""
NAY PYI TAW
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၁၀၀၁၈၉၆၂
KHA YAE PIN MART - မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
A.I.B.A
AIBA
Quality For You
ဗီဂျ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂျ
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန် - မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၃၆၈၉၊ ၀၉-၆၉၈၃၅၅၈၃၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗဟင်းတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံတကာပြိုင်ပွဲများမှာ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ယခုထက်ပိုမိုရရှိပြီး နိုင်ငံ့ဂုဏ်ကို အားကစားဖြင့်မြှင့်တင်နိုင်ရေး လူငယ်လူရွယ်တိုင်း အားကစားကိုစိတ်ပါဝင်စားပြီး လေ့လာလိုက်စားရာမှတစ်ဆင့် ပြိုင်ပွဲဝင်နိုင်သည်အထိ လေ့ကျင့်ယှဉ်ပြိုင်နိုင်ရေးနှင့် အရွေ့တောင်အာရှအဆင့်မှသည် အာရှအဆင့်၊ ကမ္ဘာ့အဆင့်အထိ ထိုးဖောက်နိုင်အောင် ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧန်နဝါရီလ ၂၃ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့်ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်သည့်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

လျှပ်စစ်ဓာတ်အားခန့်မှန်းထားများ ပြင်ဆင်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန


MOEP

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်
ပြည်သူသို့ အသိပေးကြေညာခြင်း
လျှပ်စစ်ဓာတ်အားခန့်မှန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း

၁။ နိုင်ငံတော်၏လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် လျှပ်စစ်ဓာတ်အားရရှိရေးသည် အဓိကကျသောကြောင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများနှင့် ဓာတ်အားလိုင်းကြီးများ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများကို ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့်ဆောင်ရွက်ပြီး လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများသို့ တည်ငြိမ်သော လျှပ်စစ်ဓာတ်အားပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ရာတွင်

စာမျက်နှာ ၂၄ ကော်လံ ၃ ●

လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ပိုမိုအားကောင်းလာနိုင်



နေပြည်တော် ဩဂုတ် ၂၉

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area)တစ်ခု **စာမျက်နှာ ၁၅ ကော်လံ ၁ ❖**

အာဆီယံနှင့်မိတ်ဖက်နိုင်ငံများ သက်တမ်းအလိုက် စစ်တုရင်ပြိုင်ပွဲ ပုံမှန်စစ်တုရင်ပြိုင်ပွဲတွင် မြန်မာကစားသမားများ ငွေတံဆိပ်ဆုဆွတ်ခူး



ရန်ကုန် ဩဂုတ် ၂၉

အာဆီယံနှင့်မိတ်ဖက်နိုင်ငံများ သက်တမ်းအလိုက် စစ်တုရင်ပြိုင်ပွဲ ပုံမှန်စစ်တုရင်ပြိုင်ပွဲတွင် မြန်မာကစားသမားများ ငွေတံဆိပ်ဆုဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တော်၌ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၁ ရက်မှ ၃၀ ရက်ထိကျင်းပလျက်ရှိသည့် (၂၂)ကြိမ်မြောက် အာဆီယံနှင့်မိတ်ဖက်နိုင်ငံများ သက်တမ်းအလိုက် စစ်တုရင်ပြိုင်ပွဲ(22nd ASEAN+Age-Groups Chess Championships)တွင် မြန်မာကစားသမားများက ငွေတံဆိပ်ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ **စာမျက်နှာ ၁၅ ကော်လံ ၁ ■**

စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ဖို့ မြေဆီလွှာထိန်းသိမ်းစို့

ဆောင်းပါး စာ - ၁၂ သို့

အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

